ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဓ္ဌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဓ္ဌရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 20 February 2024 ၁၃၃၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ကျရောက်သည့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့သည် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်ပါသည်။ ချင်းတိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ရောက်ရှိနေကြသော ချင်းတိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးတို့သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် မိသားစုပမာ စည်းလုံးညီညွတ်စွာ ယှဉ်တွဲနေထိုင်လာခဲ့ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် သိက္ခာရှိရှိခန့်ညားထည်ဝါစွာရပ်တည်နိုင်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မတတ်သာ၍ ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကိုလည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

# ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို ခြိမ်းခြောက်နေသည့် တရားမဝင်ကုန်သွယ်မှုများအား ယခုထက်ပိုမိုထိရောက်သည့် နည်းစနစ်များနှင့် ရှာဖွေစစ်ဆေးဟန့်တားနိုင်ရေး နည်းလမ်းရှာဖွေ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝင်းရှိန်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

**ခံယူချက် စေတနာနှင့် အမြော်အမြင်ရှိမှုအပေါ်တွင် မူတည်၍ ...**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်ကိုကာကွယ်နိုင်သည့်စွမ်းအား၊ နိုင်ငံတော်ကိုကာကွယ်နိုင်သည့်ပညာကို နိုင်ငံသားအားလုံးတတ်မြောက်သွားရန်လိုအပ် နိုင်ငံတော်ကာကွယ်ရေးသည် တပ်မတော်တစ်ခုတည်းတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ကို သိရှိနားလည်စေလို**

စာမျက်နှာ » ၈

ကြေးမုံ

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲ

မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို ကျင့်သုံးလျက်ရှိသည်။ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ပေါင်းသင်းဆက်ဆံရေးကို ရှေးအစဉ်အလာမပျက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး တစ်နှစ်နှင့် ကိုးလခန့်အကြာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံကို ပထမဦးဆုံး အသိအမှတ်ပြုသည့် နိုင်ငံဖြစ်သည်။ ထိုအချိန်မှစတင်၍ တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုကိုင်စွဲပြီး ယနေ့အထိရပ်တည်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုကိုလည်း မြန်မာနိုင်ငံအနေဖြင့် အစောဆုံးထောက်ခံအားပေးခဲ့သည်။

ရှေးအစဉ်အဆက် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားစွာ တည်ဆောက်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နှင့်အညီ မြန်မာ-တရုတ် နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသစွာဖြင့် ငြိမ်းချမ်းစွာနေထိုင်ခဲ့ကြသည်။ ရံဖန်ရံခါတွေ့ကြုံခဲ့ရသည့် ပဋိပက္ခအချို့ကို နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ ငြိမ်းချမ်းစွာအဖြေရှာပြီး ခိုင်မာသည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းတည်ဆောက်ခဲ့ကြသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာ့အရေးကိစ္စများတွင် ခေတ်အဆက်ဆက် အိမ်နီးချင်းကောင်းဂုဏ်ပုဒ်အပြင် မိတ်ဆွေကောင်းဟူသော ခံယူချက်ဖြင့် ရပ်တည်ပေးခဲ့သည်။

နိုင်ငံတကာမျက်နှာစာတွင် မှန်ကန်သည့် လမ်းကြောင်းအတိုင်း ရပ်တည်ပေးလျက်ရှိသည့် တရုတ်နိုင်ငံနှင့် လူမျိုးတို့၏ မိတ်ကောင်းဆွေမွန်ပီသမှုကို ကျေးဇူးတင်အသိအမှတ်ပြုရမည်ဖြစ်သည်။ တရုတ်-မြန်မာ နှစ်နိုင်ငံသည် အသိုက်အဝန်းတစ်ခုအဖြစ် အတူယှဉ်တွဲရပ်တည်လျက်ရှိသောကြောင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌လည်း တရုတ်နိုင်ငံနှင့် တရုတ်လူမျိုးများက အစဉ်အလာမပျက် ဆက်လက်ချစ်ခင်ရင်းနှီးစွာ ကူညီဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်။ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ နားလည်စာနာမှု၊ ယုံကြည်စိတ်ချမှုများ ရရှိစေရေးအတွက်လည်း ဒေသတွင်း၊ ဒေသအပြင်ဘက် အဖွဲ့အစည်းများဖွဲ့စည်းပြီး ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားဆောင်ရွက်နေကြသည်။ တရုတ်နိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ခုနစ်နှစ်ကျော်ကာလအတွင်း မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် နယ်ပယ်ပေါင်းစုံတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောကြောင့် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်း တရုတ်နိုင်ငံအပါအဝင် နိုင်ငံအများနှင့် ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ နှိမ်နင်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်နိုင်မှုများကြောင့် တရုတ်နိုင်ငံအပါအဝင် နှစ်နိုင်ငံပူးပေါင်းပြီး အကျိုးတူဆောင်ရွက်မှုများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

"တရုတ်နိုင်ငံနှင့် တရုတ်ပြည်သူများ၏ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် တက်ကြွစွာဖြင့် ဘက်မလိုက်ဘဲ မှန်ကန်စွာဆောင်ရွက်နိုင်မှုနှင့် ကမ္ဘာ့နိုင်ငံများက တရုတ်နိုင်ငံအပေါ် ယုံကြည်မှုရှိသည်ကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ သံလွင်၊ မဲခေါင်မြစ်နှစ်စင်းမှအစပြု၍ သဘာဝတောတောင် ရေမြေများစွာ ထိစပ်နေသည့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ကောင်းမွန်သည့် ဆက်ဆံမှုများနှင့် တူညီသည့် ယဉ်ကျေးမှုများသည် ရေကိုသားသော် အကြားမထင်သကဲ့သို့ ဘယ်သူဖျက်ဖျက် ပျက်စီးမသွားဘဲ ခိုင်မာစွာ ဖြစ်တည်လျက်ရှိနေမည်ဖြစ်ပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၂၀၂၄) ခုနှစ် ရွှေနဂါး တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့တက်ရောက်ပြီး ပြောကြားခဲ့ သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ မင်္ဂလာရှိသော နှစ်သစ်ကူးအခါသမယတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံရှိ ပြည်သူများ ငြိမ်းချမ်းခြင်း၊ ချစ်ခင်ခြင်း၊ အပြန်အလှန်လေးစားခြင်းတို့ကြောင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အစွန့်ရှည်တည်တံ့ခိုင်မြဲမှုများ တိုးတက်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ကိုးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကိုနှင့် ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၉/ ၂၀၂၂ (ဧရာဝတီ)၊ ၁၇/ ၂၀၂၃ (တနင်္သာရီ)၊ ၁၉/ ၂၀၂၃ (ဧရာဝတီ)၊ ၂၃/၂၀၂၃ (ရန်ကုန်)၊ ၃၉/ ၂၀၂၃ (ရန်ကုန်)၊ ၄၇/၂၀၂၂ (မကွေး)၊ ၁၀/ ၂၀၂၃ (တနင်္သာရီ)၊ ၂၅/ ၂၀၂၃ (ကချင်)၊ ၂၆/ ၂၀၂၃ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု ကိုးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၆/ ၂၀၂၂ (မန္တလေး)၊ ၁၅/ ၂၀၂၃ (မကွေး)၊ ၂၂/ ၂၀၂၃ (ကချင်)၊ ၃၁/ ၂၀၂၃ (ပဲခူး)၊ ၃၅/ ၂၀၂၃(ရန်ကုန်)၊ ၄၂/ ၂၀၂၃ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အပါယ် မကြောက်၊ ငရဲမကြောက် သတ်ဖြတ်နေကြသူများ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တစ်နေ့တစ်မျိုး မရိုးရတဲ့ ကောလာဟလများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးကောင်းမြို့နယ်၌ ဆီထွက်သီးနှံစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**မိုးကောင်း ဖေဖော်ဝါရီ ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာ ဘောဂသိဒ္ဓိလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းပိုင် လယ်ဧက ၁၀ ဧကတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေရယူ၍ ဆီထွက်သီးနှံစိုက်ပျိုးထားရှိရာ နေကြာ ခုနစ်ဧက၊ မြေပဲ သုံးဧက စိုက်ပျိုးထားရှိမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မိုးကောင်းမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ ရယူထားသည့် သမဝါယမအသင်း ကိုးသင်းရှိ သမဝါယမအသင်းသားတောင်သူ ၅၅၅ ဦး၏ စိုက်ဧက ၁၅၃၆ ဧကတွင် ဆောင်းသီးနှံသီးထပ်အဖြစ် နှမ်း ခုနစ်ဧက၊ နေကြာ ၆၆၉ ဧက၊ မြေပဲဧက ၈၆၀ စိုက်ပျိုးထားရှိပြီး အဆိုပါဆီထွက်သီးနှံများကို ဧပြီလကုန်တွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၄၀၀ | ၁,၄၄၆ | ၁၁,၃၉၃,၇၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၅၀ | ၂,၄၂၇ | ၆,၈၃၁,၉၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၂၀၄ | ၃၁၆,၂၀၀ |
| TMH | ၂,၅၀၀ | ၂,၄၅၀ | ၄ | ၉,၉၀၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၂၆၀ | ၄၆၈,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၅ | ၂၄,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၂,၉၀၄ | ၅,၀၈၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် တိုင်းရင်းသား ပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ပြည့်စုံရန် လိုအပ်

❖ ရွှေဖုံးမှ

ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ခုခံတော်လှန်ခဲ့ကြသည့် ချင်းတိုင်းရင်းသား ခေါင်းဆောင်များဖြစ်သော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့သည် လည်းကောင်း၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြိုးပမ်းခဲ့စဉ်က ဦးလျှရ်မှုန်၊ ဦးထောင်ဇာခုပ်၊ သီရိပျံချီဦးထောင်ကျင်းထန်၊ ဦးကီးယိုမန်း၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်တို့သည်လည်းကောင်း၊ လွတ်လပ်ရေးရပြီးခါစ ပြည်တွင်း ဆူပူသောင်းကျန်းမှုများကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီး ဟရန်ထီးယို၊ ဗိုလ်ကြီးသူရ အောင်ဆန်းသူရိယ တိုက်ချွန်းတို့သည် လည်းကောင်း နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့် တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသားမျိုးချစ်သူရဲကောင်းများပင် ဖြစ်ခဲ့ကြပါသည်။

ချင်းအမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည့် ဖေဖော်ဝါရီလ (၂၀)ရက်နေ့သည် နယ်ချဲ့တော်လှန်ရေး ချင်းတိုင်းရင်းသားခေါင်းဆောင်များနှင့် ချင်းတိုင်းရင်းသားပြည်သူများက ကန်ပက်လက်မြို့၌ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးအကြီးအကဲများကို ဆန့်ကျင်မောင်းထုတ်ခဲ့သည့် သမိုင်းဝင်နေ့ရက်တစ်ရက်ပင်ဖြစ်ပါသည်။ ထို့ပြင် ၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့၊ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကိုဖျက်သိမ်းကာ ဒေသန္တရ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သောနေ့မှာလည်း ဖေဖော်ဝါရီလ(၂၀)ရက်နေ့ပင်ဖြစ်ပါသည်။

ချင်းအမျိုးသားနေ့သည် ချင်းတိုင်းရင်းသားများက ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်စနစ်ဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဖော်ဆောင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ချင်းပြည်နယ် နေရာဒေသအချို့အပါအဝင် နိုင်ငံ၏နေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံကိုပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ စည်းလုံးညီညွတ်မှုပြိုကွဲပြီး လွဲမှားသည့်အယူအဆ၊ ကိုယ်ကျိုးအတ္တများဖြင့် လက်နက်စွဲကိုင်ကာ အချင်းချင်း အပြန်အလှန်တိုက်ခိုက်နေကြရင်း လဲပြိုသွားပြီး အချုပ်အခြာအာဏာဆုံးရှုံးရသည့် ဘဝသို့ ရောက်သွားနိုင်သည်ကို သတိပြုကြရန်လိုပါသည်။ ထိုအဖြစ်မျိုးမရောက်စေရန်အတွက် တစ်ခုတည်းသော လိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ရာစုနှစ်ပေါင်းများစွာဖြစ်တည်ခဲ့ပြီးဖြစ်သည့် သံယောဇဉ်တရားနှင့် ချစ်ခင်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်း ပြည်ပအဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးနေခြင်း၊ ကျဉ်းမြောင်းသည့် လူမျိုးရေးအယူဝါဒ သွတ်သွင်းပေးနေခြင်းတို့ကို သတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။ အပြုနှင့် အဖျက်တို့မှ ဖြစ်ပေါ်လာသည့် အကျိုးနှင့်အပြစ်၊ အဆိုးနှင့်အကောင်းတို့ကို ဆင်ခြင်သုံးသပ်ပြီး အမှန်နှင့်အမှားကို ခွဲခြားရှုမြင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေး ရည်မှန်းချက်(၂)ရပ်နှင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဦးတည်ချက် (၉)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ အရေးပေါ်ကာလ ဆောင်ရွက်ရန်ရှိသည်များ ပြီးစီးပါက ပြည်သူ့ဆန္ဒနှင့်အညီ လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲပြောင်းပေးအပ်ရန်ပင်ဖြစ်ပါသည်။ ထိုသို့ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအလိုက် အဓိကလိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးပင်ဖြစ်ပါသည်။

နိုင်ငံတည်ငြိမ်အေးချမ်းလျှင် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာစွာဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး မိမိတို့၏ သားသမီးများသည်လည်း အေးချမ်းစွာ ပညာသင်ကြားနိုင်ကြမည်ဖြစ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ပြည့်စုံရန် လိုအပ်ပါသည်။

သို့သော်လည်း တိုင်းရင်းသားဒေသများ၊ မြို့ပြနှင့်အလှမ်းဝေးသော ကျေးလက်များတွင် ဘာသာစကားအခက်အခဲများ၊ ပညာရေးအားပေးမှု အားနည်းချက်နှင့် အခြားသော စိန်ခေါ်မှုများကြောင့် ပညာရည်နိမ့်ကျမှုများ၊ ပညာမသင်ယူနိုင်မှုများ ရှိနေသည်ကို တွေ့ရပါသည်။ ယခုအခါ ချင်းပြည်နယ်အပါအဝင် ဒေသအချို့တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများ၊ ခြိမ်းခြောက်မှုများကြောင့် ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသဖြင့် ဒေသခံတိုင်းရင်းသား ကျောင်းသားကျောင်းသူများ များစွာနစ်နာဆုံးရှုံးလျက်ရှိပါသည်။

တိုင်းပြည်အနာဂတ်အတွက် ပညာရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ယခုကဲ့သို့ အဖျက်အမှောင့် နှောင့်ယှက်ဖျက်ဆီးမှုများဖြင့် ပညာရေးကို ဟန့်တားပြီး နိမ့်ကျအောင် လုပ်ဆောင်နေသည်များကို အားလုံးက ဝိုင်းဝန်းဆန့်ကျင်တားဆီးကြရမည်ဖြစ်ပါသည်။ အနာဂတ်လူငယ်များ ပညာရည်မြင့်မားရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းနိုင်ရေးနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် နိုင်ငံတော်က ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသလို တိုင်းရင်းသားပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက်အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အခြေခံကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများ ပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ စက်မှုသက်မွေးပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဘာသာရပ်သင် ဆရာ ဆရာမများ ပိုမိုခန့်ထားပေးလျက်ရှိပြီး တိုင်းရင်းသားဒေသများတွင် သင်ကြားရေး လက်ထောက်ဆရာ ဆရာမများနှင့် တိုင်းရင်းသား ဘာသာစကား သင်ကြားရေးဆရာ ဆရာမများကို လည်း ခန့်ထားပေးလျက်ရှိပါသည်။ KG+9 အထိ မသင်မနေရ ဘက်စုံပညာရေးစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ် အတွင်း အခြေခံပညာ တတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်လာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ချင်းပြည်နယ်သည် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ပြည်မနှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့် ပြည်နယ်တွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်း တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ချင်းပြည်နယ်ရှိ ပြည်သူများ မျှော်လင့်တောင့်တနေသော မဟာဓာတ်အားလိုင်းမှ ချင်းပြည်နယ်အနှံ့ လျှပ်စစ်မီးရရှိရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် မိမိတို့ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက်ကုန်များနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စနစ်တကျ ထိရောက်အောင် အကောင်အထည်ဖော်ကြရန် လိုအပ်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလ(၁၄)ရက်နေ့တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ချင်းပြည်နယ်အတွင်းရှိ အချို့မြို့နယ်များတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဖြတ်သန်းရာဒေသများ၌ ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ကြိုတင်စီမံဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာများ ကြိုတင်စုဆောင်းထားပြီး မုန်တိုင်းဝင်ရောက်နိုင်သည့် ခန့်မှန်းနေရာများအလိုက် သတိပေးခြင်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကြောင့် မုန်တိုင်းအင်အားကြီးမားသော်လည်း ထိခိုက်ဆုံးရှုံးမှုနည်းပါးခဲ့ပါသည်။

မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တပ်မတော်နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်တွင်းပြည်ပနိုင်ငံများမှ စေတနာရှင်များ၏ လှူဒါန်းမှု၊ တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ (၂)လအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိပြီဖြစ်ပါသည်။ မိမိတို့ရည်မှန်းထားသည့်အတိုင်း ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်သို့ ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရက ချင်းပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းသင့်ဒေသများတွင် ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်(၁၀၀၂ ဒသမ ၀၂)သန်း ထောက်ပံ့ပေးခဲ့ပါသည်။ ဤသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားပြည်သူများအပေါ် တိုင်းရင်းသား ညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပြသနိုင်ခဲ့ခြင်းဖြစ်ပါသည်။

စာမျက်နှာ ၄ သို့ ❖

❋ **နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက်အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

❋ **ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အခြေခံကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများ ပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ စက်မှုသက်မွေးပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဘာသာရပ်သင် ဆရာ ဆရာမများ ပိုမိုခန့်ထားပေးလျက်ရှိပြီး တိုင်းရင်းသားဒေသများတွင် သင်ကြားရေး လက်ထောက်ဆရာ ဆရာမများနှင့် တိုင်းရင်းသားဘာသာစကား သင်ကြားရေးဆရာ ဆရာမများကိုလည်း ခန့်ထားပေးလျက်ရှိ**

❖ စာမျက်နှာ ၃ မှ

ထို့ပြင် ဒေသဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ်တွင် တီးတိန်ခရိုင်နှင့် ပလက်ဝခရိုင်တို့ကိုလည်း တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးပါသည့် အလျောက် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ချင်းပြည်နယ်၏ အကျိုး၊ ပြည်ထောင်စု၏ အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❂ ပြည်တွင်းမှ

ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ထိထိရောက်ရောက်**
**ဖော်ထုတ်အရေးယူ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) တွင် “တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံ၏ဥပဒေကို ကျော်လွန်၍ ဆောင်ရွက်နေခြင်းများရှိပြီး စီးပွားရေးသမားများအနေဖြင့် ဝိသမလောဘများဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေးအပြင် လုံခြုံရေးအတွက်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုများမှ တစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သမားများထံသို့ ငွေကြေးစီးဆင်းမှုများဖြစ်ပေါ်စေပြီး ၎င်းမှတစ်ဆင့်လုံခြုံရေးအရ ထိခိုက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရန်လိုကြောင်း” ထည့်သွင်းဆွေးနွေးခဲ့ကြောင်း။

တရားမဝင် ကုန်သွယ်မှုများနှင့် ပတ်သက်ပြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး နိုင်ငံဖြတ်ကျော်မဟာမိတ်အဖွဲ့(Transnational Alliance to Combat Illicit Trade–TRACIT) ၏ ဖော်ပြချက်တွင် တရားမဝင်ကုန်သွယ်မှု ဆောင်ရွက်ချက်များသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (Sustainable Development Goals) ကို အောင်မြင်အောင်ဆောင်ရွက်ရာ၌ သိသာစွာ ထိခိုက်မှုရှိကြောင်း၊ အထူးသဖြင့် တရားဝင်စီးပွားရေးလုပ်ငန်းများ၊ အစိုးရ၏အရေးကြီးသော ပြည်သူ့ဝန်ဆောင်မှု အခန်းကဏ္ဍများအတွက် ရင်းနှီးမြှုပ်နှံမှု မှရရှိသည့် အခွန်အခများ၊ ထောင်ပေါင်းများစွာသော တရားဝင် အလုပ်အကိုင် အခွင့်အလမ်းများ၊ ဂေဟစနစ်နှင့် လူ့အသက်အိုးအိမ် စည်းစိမ်များအပေါ် ထိခိုက်နစ်နာစေခြင်းများကို ဖြစ်ပေါ်နိုင်စေသည်ကို ဖော်ပြထားပါကြောင်း။

ထို့ပြင် တရားဝင်ကုန်သွယ်မှုများ ချဲ့ထွင်ခြင်းနှင့်ပတ်သက်ပြီး တရားမဝင် ကုန်သွယ်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုမှာ ခန့်မှန်းခြေအားဖြင့် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ရှစ်ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း အကြားတွင်ရှိကြောင်း၊ တရားမဝင် ကုန်သွယ်မှုများမှ ရရှိလာသည့် အမြတ်ငွေ ဒေါ်လာဘီလီယံပေါင်းများစွာကို အခြားသော တရားမဝင်လုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြင့် လူ့အသိုင်းအဝိုင်း၏ စီးပွားရေးလုပ်ငန်းများအကြား မတည်ငြိမ်မှုများ ပိုမိုဖြစ်ပေါ်လာပြီး အဆိုးရွားဆုံးအဖြစ် နိုင်ငံတော်၏ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကို ခြိမ်းခြောက်သည့် အကြမ်းဖက် ငွေကြေးထောက်ပံ့မှုများကိုလည်း ပေါ်ပေါက်လာစေကြောင်းဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

တရားမဝင် ကုန်သွယ်မှုများကြောင့် တိုက်ရိုက် ဆိုးကျိုးသက်ရောက်မှုနှင့် သွယ်ဝိုက်ဆိုးကျိုးသက်ရောက်မှု နှစ်ပိုင်း တွေ့ရှိရပြီး တိုက်ရိုက်ဆိုးကျိုး သက်ရောက်မှုများအနေဖြင့် စီးပွားရေးကဏ္ဍများစွာ၏ ကုန်ထုတ်စွမ်းအားနှင့် အမြတ်အစွန်းများကို ပျက်ပြားစေခြင်း၊ နှစ်စဉ်တရားဝင်စီးပွားရေးမှ ဝင်ငွေများ ဆုတ်ယုတ်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊ တရားမဝင် ကုန်သွယ်မှုမှ တရားမမျှတသည့် ယှဉ်ပြိုင်မှုကြောင့် တရားဝင်စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှုစသည်များကို လျော့ကျလာစေပြီး တရားဝင်လုပ်ငန်းများ၏ အလုပ်အကိုင်များ ဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှုတို့ကို ပျက်ပြားစေခြင်း၊ အစိုးရ၏ အခွန်ဝင်ငွေရရှိမှုများ ကျဆင်းခြင်းကြောင့် အများပြည်သူအတွက် ရင်းနှီးမြှုပ်နှံမှုများကိုလျော့ကျစေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြင်းထန်စွာ ဆိုးကျိုးသက်ရောက်စေခြင်း၊ တရားမဝင်ကုန်သွယ်မှုနှင့်ဆက်နွှယ်ပြီး ရာဇဝတ်မှု ကျူးလွန်သည့်ဂိုဏ်းများ တိုးပွားလာစေခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

သွယ်ဝိုက်ဆိုးကျိုးများမှာ တရားမဝင်သည့် ငါးဖမ်းဆီးမှုများကြောင့် ငါးသယံဇာတများ ပြုန်းတီးခြင်းနှင့် အဆိုပါ ရင်းမြစ်များအပေါ် မှီခိုအားထား အသက်မွေးဝမ်းကျောင်း ပြုကြသူများအတွက် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ခြိမ်းခြောက်ခံရခြင်း၊ တရားမဝင် ငါးဖမ်းလှေများတွင် လူဆိုးဂိုဏ်းများ၏ အတင်းအကျပ် စေခိုင်းမှုများခံရခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းနှင့် သစ်ကုန်သွယ်မှုများကြောင့် သစ်တောများနှင့် တိရစ္ဆာန်များ၏ ဂေဟစနစ်များပျက်စီးပြီး ခရီးသွားလုပ်ငန်းကဏ္ဍမှ အလုပ်အကိုင်များကို ခြိမ်းခြောက်ခံရခြင်း၊ သစ်တောများကို မှီတင်းနေထိုင်သည့် လူမှုအသိုက်အဝန်းနှင့် တိရစ္ဆာန်များအတွက် ခြိမ်းခြောက်ခံရခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပိုးသတ်ဆေး အတုအပများ အသုံးပြုမှုကြောင့် စီးပွားရေးအရ ပျက်စီးဆုံးရှုံးခြင်းနှင့် ရေရှည်တွင် သဘာဝပတ်ဝန်းကျင် အရည်အသွေး လျင်မြန်စွာကျဆင်းလာခြင်းတို့ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတကာနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရန်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များ၏ Brand မထိခိုက်စေရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများအား လိုလားခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့်လည်း အရည်အသွေးမြင့်ပြီး ဘေးကင်းစစ်မှန်သည့် ကုန်စည်များကိုသာ အသုံးပြုလို၊ စားသုံးလိုသည့် ဆန္ဒများရှိသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်ကုန်စည်များကြောင့် ကုန်စည်အတုအပများ ဈေးကွက်အတွင်း များပြားလာပါက စားသုံးသူများအနေဖြင့် ယုံကြည်မှု ပျောက်ဆုံးလာနိုင်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်သည် မှောင်ခိုကုန်သွယ်မှုဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်သည် ကျသင့်တန်ဖိုးအောက် ဖော်ပြ၍ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ၁၀ ရာခိုင်နှုန်းသည် တရားဝင်၊ တရားမဝင် အပြိုင်တင်သွင်းမှုတို့ဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် နောက်ဆက်တွဲ ဆုံးရှုံးမှုများအနေဖြင့် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေခြင်း၊ အမှန်တကယ် လုပ်ကိုင်နေသူများကို ထိခိုက်နစ်နာစေခြင်းနှင့် နိုင်ငံ့အတွက် အခွန်ဘဏ္ဍာများမရရှိသည့်အတွက် ဝင်ငွေအကြီးအကျယ်ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်သည့် လုပ်ငန်းများအား “အမျိုးသားရေးတာဝန်” အဖြစ် သတ်မှတ်ပြီး ဝိုင်းဝန်းကြိုးပမ်းကြရန် ထပ်မံတိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ အညွှန်းကိန်းလျှော့ချနိုင်ရေး ဆောင်ရွက်ရန်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာသည်မှာ ယနေ့အစည်းအဝေးပါဆိုလျှင် (၁၃) ကြိမ် ရှိပြီဖြစ်ပါကြောင်း၊ ယခင်အစည်းအဝေး (၁၂) ကြိမ်က ဆုံးဖြတ်ချက် ၄၂၄ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဦးဆောင်ကော်မတီ ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်း ၂၄ လကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၁၀၃၉၅ မှုနှင့် ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀ ဒသမ ၄၂၂ ဘီလီယံ ဖမ်းဆီးရမိခဲ့ပါကြောင်း။

ဖမ်းဆီးရမိမှုများကို အနီးကပ်ဆုံး တစ်နှစ်တာကာလဖြစ်သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ပြန်လည် သုံးသပ်ကြည့်မည်ဆိုပါက အကောက်ခွန်ဦးစီးဌာနက တာဝန်ယူဖမ်းဆီးသည့် အပြည်ပြည်ဆိုင်ရာ (လေဆိပ်)၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေး စခန်းများနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများက ဖမ်းဆီးရရှိမှု အများဆုံးဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖမ်းဆီးရမိ၍ ဒုတိယအများဆုံးအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယအများဆုံးအနေဖြင့် ကချင်ပြည်နယ်တို့က ဖမ်းဆီးရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကိုစိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ လုပ်ငန်းသုံး ကုန်ကြမ်းများဖြစ်ကာ တတိယအများဆုံးမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်ထက် ၂၀၂၃ ခုနှစ်တွင် တန်ဖိုးငွေကျပ် ၇၀ ဒသမ ၃၁ ဘီလီယံခန့် ပိုမိုဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရသော်လည်း တရားမဝင်ကုန်သွယ်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ဆိပ်ကမ်းများ၊ နယ်စပ်စခန်းများနှင့်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တာဝန်ကျသည့် ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ယခုထက် ပိုမိုထိရောက်စွာ ကြပ်မတ်၊ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်ကြရန် လိုအပ်နေသည်မှာ ထင်ရှားနေပါကြောင်း။

**X–Ray စက်အသစ်တပ်ဆင်**

ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်းတွင် အကောက်ခွန်ဦးစီးဌာနက ပို့ကုန်ယာဉ်စစ်ဆေးမည့် X–Ray စက်နှင့်ပတ်သက်ပြီး ခေတ်မီ X–Ray စက်တပ်ဆင်နိုင်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခွင့်ပြုခဲ့ပြီးဖြစ်၍ X–Ray စက်အသစ် တပ်ဆင်ခြင်းလုပ်ငန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူပြီး မြန်မြန်ဆန်ဆန်တပ်ဆင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ရထား၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်၊ ပြည်တွင်းကမ်းရိုးတန်းသွား ရေယာဉ်များတွင် အသုံးပြုမည့် ကုန်တင်လွှာစနစ်၊ စံပြုလုပ်ငန်းစဉ်များ (SOPs) ကိုလည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ စမ်းသပ်ကာလ သုံးလသတ်မှတ်ပြီး စတင်ဆောင်ရွက်နေပြီဖြစ်၍ သတ်မှတ်စမ်းသပ်ကာလများအတွင်း ပညာပေးလုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်နှင့် စမ်းသပ်ကာလပြီးဆုံးပါက စံပြုလုပ်ငန်းစဉ်များ (SOPs) နှင့်အညီ ထိထိရောက်ရောက်စစ်ဆေးပြီး ကိုက်ညီမှုမရှိပါက အရေးယူဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စာမျက်နှာ ၅ သို့ ❂

❖ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကိုစိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ကာ တတိယအများဆုံးမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သည်ကို တွေ့ရှိရ

❖ ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်ထက် ၂၀၂၃ ခုနှစ်တွင် တန်ဖိုးငွေကျပ် ၇၀ ဒသမ ၃၁ ဘီလီယံခန့် ပိုမိုဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရသော်လည်း တရားမဝင်ကုန်သွယ်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ကိုလည်း တွေ့ရှိရ

❖ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ဆိပ်ကမ်းများ၊ နယ်စပ်စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တာဝန်ကျသည့်ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ယခုထက် ပိုမိုထိရောက်စွာကြပ်မတ်၊ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်ကြရန်လိုအပ်

❂ စာမျက်နှာ ၄ မှ

ထို့ပြင် လေကြောင်းနှင့်သယ်ယူပို့ဆောင်သည့် ကုန်စည်များကို စနစ်တကျ စစ်ဆေးဆောင်ရွက်သည့် စံပြုလုပ်ငန်းစဉ် (SOPs)ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှစပြီး စမ်းသပ်ကာလ ၃ လ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အားနည်းချက်များ ပေါ်လာနိုင်သည့်အတွက် စောင့်ကြည့်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်ရန်လိုအပ်ပါကြောင်း၊ မြန်မြန်ဆန်ဆန်နှင့် ငွေကုန်ကြေးကျမများဘဲ နှစ်ဦးနှစ်ဖက်အကျိုးရှိရှိ စစ်ဆေးဆောင်ရွက်ရန်လိုအပ်ကြောင်း။

**လစဉ်ကွင်းဆင်းစစ်ဆေးကြပ်မတ်**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမားရိုးကျပုံမှန် စစ်ဆေးဆောင်ရွက်ခြင်းများအပြင် နိုင်ငံတကာတွင် အသုံးပြုနေသည့် ICT နည်းပညာအသုံးပြုနည်းလမ်းများနှင့် ရှာဖွေစစ်ဆေးနိုင်ရေးကိုလည်း ရည်မှန်းချက်ထား ဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်းပြောကြားလိုကြောင်း၊ ထို့ပြင် စစ်ဆေးရေးဂိတ်၊ လုံခြုံရေးဂိတ်များကို ငွေပေးပြီးဖြတ်သန်းနေသည်များ ရှိသကဲ့သို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် ဆောင်ရွက်သည့် ဆိပ်ကမ်းများတွင်လည်း ကွန်တိန်နာများ ဖွင့်ဖောက်စစ်ဆေးရာတွင် သတ်မှတ်ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု အားနည်းနေကြောင်း ကြားသိနေရသည့် အတွက် အထူးအဖွဲ့ဥက္ကဋ္ဌများ၊ OSS ဌာနဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်များအနေဖြင့် မိမိတာဝန်ယူရသည့် စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးဂိတ်များနှင့် ကုန်သေတ္တာဆိပ်ကမ်းများတွင် လာဘ်ပေးလာဘ်ယူမှုများမရှိအောင် လစဉ်ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ယင်းကိစ္စများကို ဦးဆောင်ကော်မတီအစည်းအဝေးများ၌ အကြိမ်ကြိမ် မှာကြားထားပြီးဖြစ်သည့်အတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ တရားဝင်စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းရေးအတွက် "အမျိုးသားရေးတာဝန်တစ်ရပ်" အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်ရှိသူများအပြင် ဆက်စပ်သည့် ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်သူလူထုကပါ ပူးပေါင်းပါဝင်ပြီး စဉ်ဆက်မပြတ် ကြိုးစားတိုက်ဖျက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း ပြည်ပပို့ကုန်တိုးတက်ရန်နှင့် သွင်းကုန်အစားထိုးပြည်တွင်းထုတ်လုပ်မှုများ တိုးတက်ရန်အတွက် MSMEs လုပ်ငန်းများကို ရေရှည်ရပ်တည်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်သည့်အတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို ခြိမ်းခြောက်နေသည့် တရားမဝင် ကုန်သွယ်မှုများကိုလည်း ယခုထက်ပိုမိုထိရောက်သည့် နည်းစနစ်များနှင့် ရှာဖွေစစ်ဆေးဟန့်တားနိုင်ရေး နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီ အစည်းအဝေး (၆/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်တို့က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၄)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းတို့က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများ၊ E-Lock စနစ် ဆိုင်ရာကိစ္စရပ်များ၊ တရားမဝင် အွန်လိုင်းမှ ကုန်ပစ္စည်းများရောင်းချနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၄) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်း ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ကျရောက်မည့် မြန်မာ-ဘယ်လာရုစ် သံတမန်ဆက်သွယ်မှုထူထောင်သည့် (၂၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍမြှင့်တင်သွားရေး၊ မြန်မာကျောင်းသားများအတွက် ဘယ်လာရုစ်နိုင်ငံမှ ပညာသင်ဆုများ ပိုမိုပေးအပ်သွားရေးအပါအဝင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းအသိပေးခဲ့သည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား နေပြည်တော်ရှိပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေးနှင့် မြန်မာနိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်များဖြစ်သော ဆန်၊ ပဲမျိုးစုံနှင့် ချုပ်ပြီးအထည်များ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဘယ်လာရုစ်နိုင်ငံမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ပြီး အပြန်အလှန်ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၄၁၅၆ ခု စစ်ဆေးပြီးစီး၊ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍**
**အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၉-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၁-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၂-၂၀၂၄) ရက်နေ့၊ ည(၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၁၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ခံယူချက် စေတနာနှင့် အမြော်အမြင်ရှိမှုအပေါ်တွင် မူတည်၍ .....

စွမ်းပြည့်

နိုင်ငံအတွက် ယခုအချိန်ဟာ အချုပ်အခြာနဲ့ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားအရေးများ အလွန်အရေးကြီးနေချိန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က အင်အားဆုတ်ယုတ်ချည့်နဲ့သွားအောင် ဝိုင်းဝန်းပူးပေါင်း လုပ်ကြံနေတဲ့အချိန်လည်းဖြစ်တယ်။ နိုင်ငံတော်အစိုးရအနေနဲ့က ကိုယ့်ပြည်တွင်းအားကိုပဲ ယုံပါတယ်။ ဒါကြောင့်လည်း မရရအောင် တည်ဆောက်နေတာပဲဖြစ်တယ်။ အကျိုးလိုလို့ ညောင်ရေလောင်း မဇ္ဈိမ်ရိယအားကြီးသူပြည်ပနိုင်ငံတွေနဲ့ ကောက်ကျစ်တဲ့ပြည်တွင်းလောက်ကောင်တွေကြားမှာ ပြည်ထောင်စုကြီးမပြိုကွဲသွားအောင် ရှိတဲ့တိုင်းရင်းသားတွေ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ ရန်ငါမဖြတ်ဘဲ အတူတကွ နေထိုင်ကြရလေအောင် အားသွန်ခွန်စိုက် ကြိုးစားအားထုတ်နေရတဲ့ အချိန်လည်းဖြစ်တယ်။ ဒီလိုရည်ရွယ်ချက်တွေကြောင့်လည်း အတည်ပြုပြဋ္ဌာန်းပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခုလို အာဏာတည်စေလိုက်ရတာဖြစ်ပါတယ်။

> အမျိုးစစ် - မျိုးချစ်လို့ပဲဖြစ်ဖြစ်၊ ဒီနိုင်ငံက နိုင်ငံသားကောင်းတစ်ယောက်အနေနဲ့ဖြစ်ဖြစ် ဒီနိုင်ငံကထုတ်တဲ့ဥပဒေကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လိုက်နာဖို့ တာဝန်ရှိတယ်လို့ ခံယူပါတယ်။ အများကြီးလည်း ခေါင်းထဲမထွေးကြပါနဲ့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနဲ့ သတင်းစာတွေက နေ့စဉ်ရက်ဆက် ကြေညာချက်တွေ၊ ပြောကြားချက်တွေ၊ အသိပညာပေးတာတွေကို အသေးစိတ် လေ့လာဖတ်ရှုကြည့်ပါလို့ အကြံပေးချင်ပါတယ်။ ဥပဒေတစ်ရပ်ဟာ ပြဋ္ဌာန်းလိုက်တာနဲ့ ချက်ချင်းအကောင်အထည်ဖော်လို့လည်းမရပါဘူး၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ စနစ်တကျ ရေးဆွဲထုတ်ပြန်ပြီးမှသာ ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ အတင်းအဓမ္မခေါ်ယူရမယ့် အခြေအနေမျိုးလည်းမဟုတ်ပါဘူး

## စာနာနားလည်မှုဖြင့်

ဒီဥပဒေက ၁၉၅၉ ခုနှစ်ကတည်းကရှိပြီးသား။ ၂၀၁၀ ပြည့်နှစ်မှာ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ယခုအချိန်မှာမှ အာဏာတည်ခြင်း ဖြစ်ပါတယ်။ မလိုအပ်သေးတဲ့ အခြေအနေတွေကြောင့် အကောင်အထည်မဖော်ဖြစ်သေးတာပါ။ ယခုအချိန်မှာတော့ လိုအပ်လာပြီဖြစ်လို့ အာဏာတည်လာတာဖြစ်ပါတယ်။ ဝေဖန်ခံ၊ အမုန်းခံပြီး ထုတ်တယ်ဆိုကတည်းက လိုအပ်လို့ထုတ်ပြန်တာပဲပေါ့။ ဒီလိုပဲ မှတ်ယူသင့်ပါတယ်။ ပြည်သူ့စစ်မှုထမ်း နှစ်နှစ်ဆိုသောကာလသည် ဘဝတစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်တယ်။ ဒါကို ဘဝကြီးတစ်ခုလို့ မှတ်ယူနေလို့မဖြစ်။ ဒီနေ့တွေ့နေရတဲ့ စစ်သားတွေက အမြဲတမ်း တပ်မတော်ရဲ့ အသွင်အပြင်ဖြစ်တဲ့ အတိုင်း ၂၄ နာရီ တာဝန်ထမ်းရွက်နေရသူတွေပါ။

တချို့ရှေ့တန်းမှာ နှစ်နဲ့ချီနေနေရတဲ့သူတွေ၊ တပ်မတော်မှာ အနှစ် ၂၀၊ ၃၀၊ ၄၀ လောက် တာဝန်ထမ်းနေရသူတွေကို စာနာအားနာသင့်ပါတယ်။ သူတို့တွေကြောင့် ငါတို့ ဒီလို အေးအေးချမ်းချမ်းနေနိုင်၊ ပညာသင်နိုင်၊ လုပ်ကိုင်စားသောက်နေထိုင်နိုင်ကြတယ်ဆိုတာ တစ်လှည့်ပြန်တွေးပြီး ကိုယ်ချင်းစာ နားလည်ပေးစေချင်ပါတယ်။ ပြောရဲပါတယ်.. ယခု ပြည်သူ့စစ်မှုထမ်းဥပဒေအရ ထမ်းရွက်ခွင့်ရသူတွေဟာ အမြဲတမ်းစစ်သည်တွေလောက် ပင်ပန်းဆင်းရဲခြင်းရှိမှာ မဟုတ်ပါဘူး။

## စစ်မှုထမ်းကန့်သတ်ချက်များနဲ့ အဓမ္မစုဆောင်းနေမှုများ နှိုင်းယှဉ်ကြည့်

စစ်မှုထမ်းရမယ့် အသက်အရွယ်၊ အလုပ်အကိုင်၊ အိမ်ထောင်ရှိ၊ မရှိ၊ ပညာရေး၊ ကျန်းမာရေး ကန့်သတ်ချက်အများကြီးထဲကနေ အဆင့်ဆင့်ကျော်ဖြတ်ပြီးမှ ထမ်းရွက်ကြရမှာပါ။ လူတိုင်း စစ်မှုထမ်းချင်ရင်တောင် ထမ်းခွင့်မရပါဘူး။ စစ်သားတိုင်းယောကျ်ားဖြစ်ပေမယ့် ယောကျ်ားတိုင်းလည်း စစ်သားမဖြစ်ပါဘူး၊ ယောကျ်ားပီသမှ ပေမီဒေါက်မီ ဖြစ်မှ ဖြစ်ခွင့်ရမှာပါ။ ကျွန်တော်တို့မှာလည်း သားသမီးတွေရှိသလို စစ်သားသူငယ်ချင်းတွေလည်းရှိတယ်။ စစ်မှုထမ်းတိုင်းလည်း ရှေ့တန်းသွားချင်မှသွားရမှာ၊ ရှေ့တန်းသွားတိုင်းလည်း တိုက်ပွဲနဲ့ကြုံချင်မှကြုံမှာ၊ တိုက်ပွဲနဲ့ကြုံတိုင်းလည်း အသက်အန္တရာယ်နဲ့ ကြုံချင်မှကြုံမှာ.. သဘောပြောတာပါ။

အမျိုးစစ် – မျိုးချစ်လို့ပဲဖြစ်ဖြစ်၊ ဒီနိုင်ငံက နိုင်ငံသားကောင်း တစ်ယောက်အနေနဲ့ဖြစ်ဖြစ် ဒီနိုင်ငံကထုတ်တဲ့ဥပဒေကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေလိုက်နာဖို့ တာဝန်ရှိတယ်လို့ ခံယူပါတယ်။ အများကြီးလည်း ခေါင်းထဲမထွေးကြပါနဲ့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနဲ့ သတင်းစာတွေက နေ့စဉ်ရက်ဆက် ကြေညာချက်တွေ၊ ပြောကြားချက်တွေ၊ အသိပညာပေးတာတွေကို အသေးစိတ် လေ့လာဖတ်ရှုကြည့်ပါလို့ အကြံပေးချင်ပါတယ်။ ဥပဒေတစ်ရပ်ဟာ ပြဋ္ဌာန်းလိုက်တာနဲ့ ချက်ချင်းအကောင်အထည်ဖော်လို့လည်းမရပါဘူး၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ စနစ်တကျ ရေးဆွဲထုတ်ပြန်ပြီးမှသာ ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ အတင်းအဓမ္မခေါ်ယူရမယ့် အခြေအနေမျိုးလည်းမဟုတ်ပါဘူး။

လက်ရှိ EAO ဒေသတွေမှာ အရွယ်မရောက်သူရော၊ အရွယ်ရောက်ပြီးသူရော တစ်အိမ်ဘယ်နှယောက်စသဖြင့် အတင်းအဓမ္မ စစ်သားစုဆောင်းနေတာတွေအပေါ်မှာ ဘယ်သူမှ ဘာမှ ပြောလို့မရတဲ့အခြေအနေတွေနဲ့လည်း နှိုင်းယှဉ်ကြည့်လို့ရပါတယ်။ သူတို့ဟာ သူတို့လူမျိုးအတွက်၊ သူတို့ဒေသအတွက်၊ သူတို့ စစ်ဘုရင်တွေအတွက်ပဲဖြစ်ပြီး ဥပဒေမရှိ၊ လစာမည်မည်ရရမရှိ၊ ခံစားခွင့်နတ္ထိနဲ့ အဓမ္မ စုဆောင်းခံနေကြရတယ်ဆိုတာ နှိုင်းယှဉ်ပြချင်တယ်။

## အတိတ်နှင့်ယှဉ်၍ ပိတ်ဆို့ဟန့်တားနေကြ

နိုင်ငံရဲ့ရည်ရွယ်ချက်က တင်ပြခဲ့သလို အရေးသုံးပါးကိုပဲဆုပ်ကိုင်ပြီး ပြောနေတာဖြစ်ပါတယ်။ နိုင်ငံတကာမှာ စစ်တိုက်နေတဲ့ အစ္စရေးနဲ့ အီရန်က လွဲပြီး အမျိုးသားစစ်မှုထမ်းစနစ် ကျင့်သုံးနေတဲ့ ကျန်နိုင်ငံတွေဟာ ပြည်တွင်း၊ ပြည်ပကျူးကျော်မှုမရှိ၊ ငြိမ်းချမ်းတဲ့နိုင်ငံတွေဖြစ်တယ်ဆိုတာ လေ့လာမိတယ်။ ဒီအချက်ကိုကြည့်ရင် အမျိုးသားစစ်မှုထမ်းစနစ်ဟာပြည်တွင်း/ပြည်ပကျူးကျော်မှုတွေနဲ့လည်း တိုက်ရိုက်သက်ဆိုင်ခြင်းမရှိတာ တွေ့နိုင်ပါတယ်။ မြန်မာဆိုတဲ့အမြင်နဲ့ ပြည်ထောင်စုအရေး၊ ကိုယ့်နိုင်ငံအရေး၊ တိုင်းရင်းသားတွေအရေး ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေရပေမယ့် မြန်မာပြည်သူတွေ စစ်မှုထမ်းမယ့်အရေး၊ လက်နက်ကိုင်မယ့်အရေးကို သေမလောက်ကြောက်နေကြတာ တွေ့ရတယ်၊ ပြည်တွင်းကော ပြည်ပရောပေါ့။

ပြည်တွင်း EAO တွေအနေနဲ့ နောင်တစ်ချိန်စစ်ပညာတတ်သွားမယ့် မြန်မာလူငယ်တွေအပေါ်မှာ သူတို့အသုံးချချင်တိုင်း ချလို့ရတော့မှာ မဟုတ်ဘူးဆိုတာလည်း သူတို့ သိနေတယ်၊ အထူးသဖြင့် မြန်မာတွေ စစ်ပညာတတ်သွားမှာ သေမတတ် ထိတ်လန့်နေကြတာဖြစ်ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနိုင်ငံတော်များဆိုပြီး မြန်မာတွေ စည်းလုံးခဲ့တဲ့အချိန်၊ ကြီးထွားခဲ့ဖူးတဲ့ လက်ရုံးရည်နှလုံးရည်မျိုးရှိလာမှာကို ဉာဏ်မီတဲ့သူတွေက ကြိုပြီးစိုးရိမ်တတ်တဲ့ သဘောသဘာဝကိုလည်း နားလည်ပေးနိုင်ပါတယ်။

ဉာဏ်မီတဲ့သူဆိုတာ မြန်မာနိုင်ငံက ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်အပြီးမှာ US နဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံခဲ့မှုအပေါ်မှာ ပြောတာဖြစ်ပါတယ်။ သူတို့အတွက် စိုးရိမ်မယ်ဆို စိုးရိမ်စရာလည်းဖြစ်တယ်။ ကိုလိုနီခေတ်က နေမဝင်အင်ပါယာ အင်္ဂလိပ် စစ်တပ်မှာ တချို့တိုင်းရင်းသားတွေကလွဲပြီး မြန်မာတွေကိုမထည့် လူရာမသွင်း လက်နက်ဆိုလို့ ဓားတစ်ချောင်းတောင် ပေးမကိုင်ခဲ့တာ ကြည့်ရင် သိသာပါတယ်။ ဒါကြောင့်လည်း ယခု စစ်မှုထမ်းဥပဒေကို အသည်းအသန် တားဆီးပိတ်ဆို့ဟန့်တားနေကြတာ ဖြစ်ပါတယ်။

## အကျိုးကျေးဇူးများနဲ့အတူ ကနဦးထမ်းရွက်လိုသူများရှိနေ

ပြည်သူ့စစ်မှုထမ်းတဲ့အတွက် ရလာမယ့် အကျိုးကျေးဇူးက များလှပါတယ်။ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ နိုင်ငံတာဝန်ကျေပွန်သွားခြင်းဟာ အကျိုးကျေးဇူးတစ်ခုပါ။ တပ်မတော်ရဲ့ မူဝါဒတွေ သိနားလည်သွားပြီး တပ်မတော်သားတွေကို စာနာသွားမှာသေချာပါတယ်။ လူနဲ့ အဖွဲ့အစည်းကို ခွဲခြားသိမြင်သွားပါလိမ့်မယ်။ ခေါင်းဆောင်မှုနဲ့ အတူ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်မှု စီမံခန့်ခွဲမှု၊ စည်းကမ်းလိုက်နာမှုစတဲ့ ပညာရပ်တွေဟာ လူငယ်တွေအတွက် လက်တွေ့အကျိုးရှိ လိုအပ်နေတဲ့ ကိုယ်ရည်ကိုယ်သွေးတွေပဲ ဖြစ်ပါတယ်။

စာနာနားလည်မှုမှတစ်ဆင့် တပ်မတော်သွားနေတဲ့လမ်းကြောင်းကို သိသွားမယ်၊ တပ်မတော်ရဲ့တန်ဖိုး၊ စစ်သားတစ်ယောက်ရဲ့တန်ဖိုးကိုသိပြီး နိုင်ငံတစ်နိုင်ငံမှာ ရှိကိုရှိသင့်တဲ့ အဖွဲ့အစည်းဆိုတာ သဘောပေါက်သွားရင် စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးမှာ အဖုအထစ်နည်းသွားမှာဖြစ်ပြီး နောင်ဆယ်စုနှစ်တစ်ခုလောက်မှာ တပ်မတော်နဲ့ ပြည်သူဟာ တစ်သားတည်းဖြစ်သွားမယ်လို့ တပ်အပ်ပြောနိုင်ပါတယ်။ ဒါ့အပြင် တစ်ချိန်မှာ ရပ်ထဲရွာထဲ စစ်မှုထမ်းဖူးသူနဲ့ မထမ်းဖူးသူ ယုံကြည်မှုရှိပုံချင်း၊ ဂုဏ်ယူရပုံချင်း ကွာခြားချက်၊ အလုပ်အကိုင်အခွင့်အလမ်းကွာခြားချက်တွေ ရှိလာနိုင်ပါတယ်။ သို့သော် တစ်ဖက်က အားသာချက်တွေရှိပေမယ့်လည်း ယခုလိုအချိန်မှာ ပြည်သူတွေရဲ့ စိုးရိမ်စိတ်မြင့်တက်နေမှုကို စာနာနားလည်မှုပေးနိုင်ရပါမယ်။

**မိဘပြည်သူတွေရဲ့အပူဟာ တကယ်တော့ ကောလာဟလတွေကြောင့် ထပ်ဆင့်ပူလောင်နေရတာပါ။ ဖြစ်နိုင် / မဖြစ်နိုင် သုံးသပ်နိုင်စွမ်း အားနည်းတဲ့အပေါ်မှာ အခွင့်ကောင်းယူ အသုံးချနေခြင်းကို မြင်အောင်ကြည့်ကြဖို့လိုပါမယ်။ ကောလာဟလကြောင့် လူငယ်တွေ တောထဲပြန်ရောက်မယ့်အရေး ပိုပြီး တွေးပူရပါမယ်။ ယခုအခြေအနေက လူပြိန်းတွက်တွက်ရင်တောင် အနေသာကြီးပါ။ လက်ရှိပေါက်နေတဲ့ လူဦးရေ ၁၃ သန်းနဲ့တင်တွက်ပါဦး။ တစ်ရပ်ကွက် လူ နှစ်ယောက်နှုန်း၊ အမှုထမ်းနိုင်ခြေ တစ်နှစ်လူ ၂၀၀ မှာ တစ်ယောက်နှုန်း၊ တစ်နှစ် လူ ၆၀၀၀၀ နှုန်းနဲ့၊ မိမိလက်ရှိ ယခုအသက်နဲ့ယှဉ်ပြီး ကျား ၃၃/ ၃၄/ ၃၅၊ မ ၂၅/၂၆/ ၂၇ စသဖြင့် သွားမှာက ရေရှည်စီမံချက်၊ နောင်တက်လာမယ့် ဘယ်အစိုးရ အဆက်ဆက်မဆို အသက်ဝင်နေမှာဖြစ်ပါတယ်။**

ကောလာဟလကြောင့်သော် လည်းကောင်း၊ ကိုယ်ကိုယ်တိုင်မသိနားမလည်လို့၊ သေမှာ ပင်ပန်းဆင်းရဲမှာကြောက်လို့သော် လည်းကောင်း တချို့လည်း မျိုးချစ်စိတ်အခံနည်းပြီး နိုင်ငံနဲ့ တပ်မတော်အပေါ် အတိုက်အခံစိတ်ရှိလို့သော် လည်းကောင်း ရှိကြပေမယ့် နေရာအချို့၊ ဒေသအချို့မှာ ပြည်သူ့စစ်မှုထမ်း ဥပဒေအပေါ် ထောက်ခံပွဲတွေ လုပ်နေတာတွေလည်း တွေ့ရပြန်တယ်၊ တချို့လည်း နိုင်ငံချစ်စိတ်နဲ့ အမှုထမ်းချင်သူတွေရှိကြမှာပါ၊

စာမျက်နှာ ၇ သို့ ☆

> မိဘပြည်သူတွေရဲ့အပူဟာ တကယ်တော့ ကောလာဟလတွေကြောင့် ထပ်ဆင့်ပူလောင်နေရတာပါ။ ဖြစ်နိုင် / မဖြစ်နိုင် သုံးသပ်နိုင်စွမ်း အားနည်းတဲ့အပေါ်မှာ အခွင့်ကောင်းယူအသုံးချနေခြင်းကို မြင်အောင်ကြည့်ကြဖို့လိုပါမယ်။ ကောလာဟလကြောင့် လူငယ်တွေ တောထဲပြန်ရောက်မယ့်အရေး ပိုပြီးတွေးပူရပါမယ်။ ယခုအခြေအနေက လူပြိန်းတွက်တွက်ရင်တောင် အနေသာကြီးပါ။ လက်ရှိပေါက်နေတဲ့ လူဦးရေ ၁၃ သန်းနဲ့တင် တွက်ပါဦး။ တစ်ရပ်ကွက် လူ နှစ်ယောက်နှုန်း၊ အမှုထမ်းနိုင်ခြေ တစ်နှစ်လူ ၂၀၀ မှာ တစ်ယောက်နှုန်း၊ တစ်နှစ် လူ ၆၀၀၀၀ နှုန်းနဲ့၊ မိမိလက်ရှိ ယခုအသက်နဲ့ယှဉ်ပြီး ကျား ၃၃ / ၃၄/ ၃၅၊ မ ၂၅ / ၂၆/ ၂၇ စသဖြင့်သွားမှာက ရေရှည်စီမံချက်၊ နောင်တက်လာမယ့် ဘယ်အစိုးရအဆက်ဆက်မဆို အသက်ဝင်နေမှာ ဖြစ်ပါတယ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၊ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီး/ပြည်နယ်မန်နေဂျာများနှင့် ခရိုင်မန်နေဂျာများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း လက်ရှိဘဏ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပကတိအခြေအနေများအပေါ်အခြေခံ၍ မှန်မှန်ကန်ကန်သုံးသပ်ပြီး လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်ရည်မှန်းထားသည့် ဦးတည်ချက်များ ပြည့်မီအောင်မြင်ရေးအတွက် ဘဏ်ဝန်ထမ်းများအားလုံးက လက်တွဲညီညီပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် တစ်နိုင်ငံလုံးတွင် ဘဏ်ခွဲပေါင်း ၃၁၁ ဘဏ်ရှိသည့်အနက် လက်ရှိအခြေအနေအရ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိနေသည့် ဘဏ်ခွဲများအတွက် နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများနှင့် ဘဏ်ခွဲများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံ့စီးပွားတိုးတက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်က MSME လုပ်ငန်းရှင်များကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် MSME ရန်ပုံငွေမှ လုပ်ငန်းရှင်များသို့ သက်သာသောအတိုးနှုန်းဖြင့် အရည်အသွေးပြည့်မီသော ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးဘဏ်လုပ်ငန်းအနေဖြင့် ပို့ကုန်/သွင်းကုန်ဆိုင်ရာငွေပေးချေမှုများ လွယ်ကူချောမွေ့စေရန် ယွမ်/ကျပ်၊ ဘတ်/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အသုံးပြုလျက်ရှိပြီး မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် အသုံးပြုဆောင်ရွက်နိုင်ရေးကို ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ Core Banking စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းစနစ်ကိုလည်း တိုးချဲ့ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ Centralized e-Pension စနစ်ကို ယခုဘဏ္ဍာရေးနှစ်တွင် ဘဏ်ခွဲပေါင်း ၆၇ ဘဏ်၌ အသုံးပြုလာနိုင်ပြီဖြစ်၍ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာများကို Centralized e-Pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲများတွင် ဝန်ဆောင်ခအခမဲ့ဖြင့် အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်သည့်အတွက် မြန်မာ့စီးပွားရေးဘဏ်၏ ကြိုးစားအားထုတ်မှုနှင့် ဝန်ထမ်းများက စေတနာထားဆောင်ရွက်ပေးနေမှုများကို အသိအမှတ်ပြုပါကြောင်း။

သမားရိုးကျဘဏ်လုပ်ငန်းစနစ်မှ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် မသမာသူအချို့က မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် မသမာမှုများနှင့် ငွေကြေးလိမ်လည်မှုများကို ပြုလုပ်နေကြသဖြင့် ယင်းသို့လုပ်ဆောင်မှုများကို စိစစ်တွေ့ရှိရပါက ချက်ချင်းဖော်ထုတ်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ ဝန်ထမ်း၊ ငွေကြေး၊ စာရင်းဇယားလုံခြုံရေးတို့မှာ အရေးကြီးသည့်အတွက် သတင်းအချက်အလက်ရယူရေးနှင့် ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေးတို့အတွက် အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုများ အဆင်ပြေစွာဆောင်ရွက်ပေးနိုင်ရေးကို ကြိုတင်မြော်တွေး ဆောင်ရွက်ကြရန် မှာကြားသည်။

နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို နှစ်စဉ်ပြုလုပ်လျက်ရှိရာ ယခုနှစ်ဆွေးနွေးပွဲကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကဏ္ဍအလိုက်ဆွေးနွေးမှုများအပြင် စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ထူးချွန်မှုများအတွက် ဆုချီးမြှင့်မှုများအပါအဝင် ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်



ပုသိမ် ဖေဖော်ဝါရီ ၁၉

ရောဝတီ တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာသည့် အသိပညာပေးအစီအစဉ်အား ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အင်္ဂပူမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၈၃ ခုမှ ပြည်သူ ၅၀၉ ဦး၊ ညောင်တုန်းမြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ၅၄ ခုမှ ပြည်သူ ၆၅၆ ဦး စုစုပေါင်း ၁၁၆၅ဦးတက်ရောက်ပြီးလက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီးတက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့်ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများ အတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကိုလည်းပေးခဲ့ကြသည်။

မြန်မာ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကိုရောဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

တချို့က စွန့်စားချင်ကြတယ်၊ တချို့က ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်အောင် လက်နက်နဲ့ စစ်ပညာသင်ချင်ကြတယ်၊ တချို့က နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံ့ဥပဒေကို လေးစားပြီး နှစ်နှစ်၊ သုံးနှစ်တာကာလလေးကို တာဝန်ကျေချင်ကြတယ် စသဖြင့် အမျိုးမျိုးသော ကိုယ်စီဆန္ဒတွေနဲ့ စစ်မှုထမ်းဖို့ ထုတ်ဖော်အသိပေးလာကြတဲ့သူတွေ များစွာရှိပါတယ်။

### ကောလာဟလများ ချင့်ချိန်တတ်ရန်လို

**ကောလာဟလကြောင့်ဆိုတဲ့နေရာမှာ မသမာသူတွေဟာ ပြည်သူလူထုကို ပေါ်တာဆွဲခြင်းနဲ့ ခြောက်လှန့်နေတာ တွေ့ရတယ်။ တွေးကြည့်ပါ.. ယနေ့ခေတ်ဟာ ပေါ်တာခေတ်မဟုတ်တော့ပါဘူး။ ရပ်ကျေးငယ်စာရင်းနဲ့တိုက်ပြီး ဆင့်ခေါ်လို့ သတင်းမပို့ရင် ဥပဒေအရ အရေးယူရမယ့်အခြေအနေရှိပြီးသားမှာ ဘယ်သူမှ အလုပ်ရှုပ်ခံပြီး ပေါ်တာလိုက်မဆွဲပါဘူး။ ပေါ်တာဆွဲတာမရှိပေမယ့် ရပ်ရွာလုံခြုံရေးအတွက် ညဘက် ဧည့်စာရင်းစစ်တာတော့ ရှိမယ်။ မသင်္ကာလို့ ညဘက်အဆွဲခံရရင်လည်း ဒီလိုညဥ့်ဘက် အဆွဲခံရတဲ့သူဟာ ခိုး၊ ဆိုး၊ လု၊ နှိုက်၊ ဖောက်ခွဲဖျက်ဆီးရေးသမားကလွဲပြီး ဘယ်နည်းနဲ့မှ လူကောင်းမဖြစ်နိုင်ပါဘူး။**

ပေါ်တာကောလာဟလဖြန့်ပြီး ပြည်သူတွေချောက်ချားအောင်နဲ့ ဧည့်စာရင်းစစ်ခြင်း နှောင့်နှေးသွားအောင် ရည်ရွယ်ချက်သာ ဖြစ်နိုင်ပါတယ်။ ဒါက ဥပဒေအရ သဘောတစ်ခုကိုပြောပြရုံသာပါ။ တာဝန်ရှိသူတွေအနေနဲ့လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အခြေခံပြီး စည်းရုံးရေးနည်းလမ်း၊ ပညာပေးနည်းလမ်းတွေနဲ့သာ သွားမှာပါ။ ထိုနည်းတူ ပြည်ပထွက်ခွာခွင့်တွေနဲ့ ပတ်သက်ပြီးလည်း ကန့်သတ်ချက်မရှိ၊ တားဆီးခြင်းမရှိ ယခင်အတိုင်း စနစ်တကျစိစစ်ထွက်ခွာခွင့်ပေးလျက်ပါပဲ။ တစ်ခုတော့ရှိတယ်၊ ယခုလို ထုတ်ပြန်တဲ့ဥပဒေနဲ့အညီ နည်းလမ်းကို အကောင်အထည်ဖော်ရာမှာတော့ တချို့ အဂတိမကင်းတာတွေရှိလာနိုင်တာကို ထည့်တွက်ရပါမယ်။ ဒါကတော့ ဥပဒေအရ ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်သွားရမယ့် အနေအထားပါ။

**ဘယ်လိုဖြစ်ဖြစ်ပါ။ ကိုယ့်နိုင်ငံ၊ ကိုယ့်အရေးကို ကမ္ဘာကြည့်ကြည့်ပြီးလည်း မြင်စေချင်ပါတယ်။ အတိတ်နဲ့ ပစ္စုပ္ပန် ကမ္ဘာ့အရေးတွေဟာ လက်ရှိမြန်မာ့အရေးတွေနဲ့လည်း ဆက်စပ်နေတယ်ဆိုတာ တွေ့ရပါမယ်။ ကမ္ဘာမှာ proxy ကစားကွက်တွေ၊ ထောင်ချောက်တွေ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ စစ်သွေးကြွတွေခေတ်စားနေပြီး သူတို့ကြောင့် သက်ရောက်မှုတွေမှာ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။ အားလုံးဟာ သူ့အကြောင်းနဲ့သူ ဖြစ်လာကြတယ်ဆိုပေမယ့် အကြောင်းဆိုးတွေအပေါ် သင်ခန်းစာယူပြီး အနာဂတ်အတွက် တတ်နိုင်သမျှ ထမ်းရွက်သွားနိုင်ဖို့ကသာ ပိုအရေးကြီးပါတယ်။**

ဒီနိုင်ငံမှာနေပြီး ဒီနိုင်ငံသားတွေဖြစ်နေတော့လည်း ဒီနိုင်ငံကဥပဒေကို လိုက်နာကြဖို့ပဲရှိပါတယ်။ လုပ်တဲ့အခါမှာသာ စေတနာမှန်နဲ့ အမြော်အမြင်ရှိရှိလေး၊ ညီညီညွတ်ညွတ်လေး လုပ်သွားကြမှသာ ကိုယ့်အတွက်ရော အများအတွက်ပါ ကောင်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့စစ်မှုထမ်းမှာ အခန်းကဏ္ဍတစ်ခုခုကနေ တက်တက်ကြွကြွ ပါဝင်အားပေးသင့်ကြောင်း တိုက်တွန်းလိုပါတယ်။

သို့မှသာ ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်မိသားစု၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံကိုပါ ကာကွယ်ရာရောက်တယ်ဆိုတဲ့ ခံယူချက်၊ ပြည်သူ့စစ်မှုထမ်းခြင်းမှတစ်ဆင့် စစ်ပွဲတွေကို ဟန့်တားနိုင်စွမ်းရှိပြီး ကိုယ့်နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိုပါ ဖော်ဆောင်ရာရောက်တယ်ဆိုတဲ့ စေတနာ၊ မိမိကိုယ်မိမိလုံခြုံမှုမှတစ်ဆင့် မိမိရင်သွေး အနာဂတ်မျိုးဆက်တွေအထိပါ ကောင်းဖို့ဖြစ်မယ်ဆိုတဲ့ အမြော်အမြင်လေး ရှိလိုက်ရင်ကိုပဲ ယနေ့ ကိုယ်ဘာလုပ်သင့်တယ်ဆိုတဲ့ အဖြေမှန်ကို ရရှိသွားမှာဖြစ်ပါတယ်။ ။

# နိုင်ငံတော်ကိုကာကွယ်နိုင်သည့်စွမ်းအား၊ နိုင်ငံတော်ကိုကာကွယ်နိုင်သည့်ပညာကို နိုင်ငံသားအားလုံးတတ်မြောက်သွားရန်လိုအပ်

## နိုင်ငံတော်ကာကွယ်ရေးသည် တပ်မတော်တစ်ခုတည်းတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ကို သိရှိနားလည်စေလို

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ ရတနာသိင်္ခခန်းမ၌ တားဆီးကာကွယ်မီဒီယာအဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် သင်တန်းသား သင်တန်းသူများအား ဆွေးနွေးပြောကြားသည်။

ဦးစွာ တားဆီးကာကွယ်မီဒီယာအဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုများကို ပြသသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ဖောင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းသင်တန်းသား သင်တန်းသူများအား တားဆီးကာကွယ်မီဒီယာအဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားစဉ်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် နေကြသည့် ဝန်ထမ်းကောင်းများဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွင်းဖြစ်ပေါ်နေသော သတင်းအမှန်များကို သိရှိနားလည်ပြီး ၎င်းသတင်း အမှန်များကို သတင်းမှားများကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ချက်ချင်းတုံ့ပြန် ဖြေရှင်းပေးနေသလို ပြည်တွင်း၊ပြည်ပ မီဒီယာသမားများနှင့်လည်းတွေ့ဆုံကာ သတင်းစာ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကံစမ်းမဲပေါက်သည့် သင်တန်းသူတစ်ဦးအား MRTV DTH စလောင်း ပေးအပ်စဉ်။

ယနေ့ခေတ်သည် နည်းပညာဖွံ့ဖြိုးတိုးတက်သည့် ခေတ်ဖြစ်သည့်အလျောက် နိုင်ငံ့ဝန်ထမ်းဖြစ်သည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ဖြစ်ပေါ်လာသည့် နည်းပညာသစ်များနှင့် မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း၊ စွမ်းဆောင်နိုင်သူအတွက် ကြီးလေးသောတာဝန်ဟူသည် မရှိဆိုသည့် စကားရပ်အတိုင်း မိမိတို့၏ ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်သည့်၊ ပြည်သူက တန်ဖိုးထား လေးစားအားကိုးရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းများသာမက တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက် အခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူလူထု နေ့စဉ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုကြိုးပမ်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ပညာရပ်သည် သတင်းမှားများကို တိုက်ဖျက်ရန်အတွက် မရှိမဖြစ်လိုအပ်သော ယန္တရားတစ်ခုဖြစ်ပြီး လူငယ်အချို့က သတင်းတု၊ သတင်းမှားများအပေါ် စိစစ်နိုင်မှု အားနည်းသည့်အတွက် သတင်းအချက်အလက်မှားများ၏ သွေးဆောင်ဖျားယောင်းမှုကို ခံနေရခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း သတင်းတု၊ ရှင်းလင်းပွဲများ အကြိမ်ကြိမ်ပြုလုပ်ပေးခဲ့ပါကြောင်း။

နိုင်ငံတော် တည်ဆောက်ရေးတွင် မီဒီယာကို ထိရောက်စွာအသုံးပြုပါက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင်အကျိုးကျေးဇူးများစွာ ရရှိမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိနားလည်သဘောပေါက်စေရန် မီဒီယာနည်းလမ်းဖြင့် ပျံ့နှံ့အောင် ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူတစ်ရပ်လုံး ယုံကြည်လက်ခံလာပြီး အားတက်သရော ပါဝင်လုပ်ဆောင်ကြမည်ဖြစ်သလို သဘာဝဘေးအန္တရာယ်ကဲ့သို့ ထူးခြားသည့်အခြေအနေများကိုလည်း ကြိုတင်ကာကွယ်ရေးမှစပြီး ထိခိုက်မှုအနည်းဆုံးဖြစ်အောင် မီဒီယာနည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် နုပျိုသစ်လွင်၍ ခေတ်မီသောမူဝါဒဖြင့် ပြည်သူလူထုသို့ ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် မူဝါဒ(၃)ရပ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့ လာရောက်ဆွေးနွေးပြောကြားခြင်းသည် အသိပညာပေးရန်ဟူသည့် ဝန်ကြီးဌာန၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးအတွက် မီဒီယာနည်းလမ်း၊ ပြည်သူ့ဆက်ဆံရေး နည်းလမ်းကောင်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးရှိစေရေးကို ဆောင်ရွက်ရမည်မှာ မိမိတို့ဝန်ကြီးဌာန၏ တာဝန်ပင်ဖြစ်ပါကြောင်း။

နေ့စဉ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်အမှန်များ သိရှိရန်လိုအပ်ပါကြောင်း၊ သတင်းအဆိပ်သင့်မှုအန္တရာယ်သည် မိမိတို့၏ နေ့စဉ် လူမှုစီးပွားဘဝကို များစွာ သက်ရောက်နေပါကြောင်း၊ သတင်းအမှားများကို နားယောင်ပြီး ဆုံးဖြတ်ချက်အမှား၊ ရည်ရွယ်ချက်အမှား၊စေတနာအမှားစသည့် အမှားများစွာ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ယနေ့နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများသည် ဆင်ခြင်တုံတရား ကင်းမဲ့၍ ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ သင်တန်းသားများသည် နိုင်ငံတော်တည်ဆောက်ရေးတာဝန် ထမ်းဆောင်နေကြသူများ ဖြစ်သည့်အတွက် မီဒီယာ၏တန်ဖိုးကို သိရှိနားလည်ပြီး ကောင်းစွာအသုံးချတတ်ရန် လိုအပ်ပါကြောင်း။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခဲ့ပါကြောင်း၊ ယင်းပြည်သူ့စစ်မှုထမ်းဥပဒေမှာ ယခုမှ အသစ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေမဟုတ်သည်ကို အားလုံးသိရှိပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုဥပဒေနှင့်ပတ်သက်၍ ကောလာဟလများ ထုတ်လွှင့်လျက်ရှိသည့်အတွက် အနည်းငယ် ရှင်းလင်းပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံ၏ ၂၀၁၉ ခုနှစ်ကြားဖြတ် သန်းခေါင်စာရင်းအရ ယခုပြဋ္ဌာန်းလိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အကျုံးဝင်မည့်၊ အကျုံးဝင်နိုင်သည့် လူဦးရေ စုစုပေါင်း ၁၃ သန်းနီးပါး ရှိပါကြောင်း၊ ထို ၁၃ သန်းလုံးကို တစ်ပြိုင်နက်တည်း စစ်မှုထမ်းဆောင်စေမည် မဟုတ်ပါကြောင်း၊ လူဦးရေ ၁၃ သန်းအနက် အမျိုးသား ခြောက် ဒသမ သုံးသန်း၊ အမျိုးသမီး ခုနစ် ဒသမ ခုနစ်သန်းတွင် အမျိုးသမီးများကို ထည့်မတွက်ဘဲ အမျိုးသားများကိုသာ ထည့်တွက်ပါက လူဦးရေ ခြောက် ဒသမ သုံးသန်း၏ တစ်ရာခိုင်နှုန်းဆိုလျှင် ခြောက်သောင်းသုံးထောင် ရှိပြီ ဖြစ်ပါကြောင်း၊ နှစ်ရာခိုင်နှုန်းဆိုလျှင် တစ်သိန်းနှစ်သောင်းရှိပါကြောင်း။

တစ်ဆယ်ရာခိုင်နှုန်း ဆိုပါက လူဦးရေခြောက်သိန်းရှိပြီး ဤမျှ လူဦးရေမလိုနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ရပ်ကွက် / ကျေးရွာပေါင်း ခြောက်သောင်းရှိရာ ရပ်ကွက်/ကျေးရွာတစ်ခုတွင် စစ်မှုထမ်းဆောင်ရန် တစ်ဦးထက် သို့မဟုတ် နှစ်ဦးထက် ပိုစရာမရှိပါကြောင်း။

မိမိတို့ ယင်းဥပဒေကို စတင်အသက်ဝင်အောင် လုပ်ရခြင်းမှာ ရေရှည်အားဖြင့် နိုင်ငံတော်ကို ကာကွယ်နိုင်သည့် စွမ်းရည်၊ နိုင်ငံတော်ကို ကာကွယ်နိုင်သည့် စွမ်းအား၊ နိုင်ငံတော်ကို ကာကွယ်နိုင်သည့်ပညာကို နိုင်ငံသားအားလုံး တတ်မြောက်သွားရန် လိုအပ်သည့်အတွက် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးသည် တပ်မတော်တစ်ခုတည်းတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ကို သိရှိနားလည်စေလိုပါကြောင်း။

သင်တန်းသား သင်တန်းသူ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် သင်တန်းပြီးဆုံးပြီး မိမိတို့၏ လုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိသည့်အခါ ဤတက္ကသိုလ်ကြီးမှ ပို့ချသော နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဘာသာရပ်များသာမက မိမိတို့သိရှိ တတ်မြောက်ကျွမ်းကျင်ထားသော ပညာရပ်များ၊ အသိပညာဗဟုသုတများကိုပါ ကောင်းမွန်စွာ အသုံးချ၍ ပြည်သူလူထုအပေါ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလုပ်အကျွေးပြုရမည်ဖြစ်ပြီး မိမိတို့၏ အလုပ်တာဝန်သာမက စေတနာ၊ မေတ္တာဖြင့်ပါ နိုင်ငံတော်တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသို့ တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများအား MRTV DTH စလောင်းငါးစုံနှင့် DVB T2 Set Top Box အလုံး ၁၀၀ ကို ကံစမ်းမဲဖောက်၍ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဖောင်ကြီးမှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် သင်တန်းတက်ရောက်နေသော အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ်(၁၁)၊ အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၉)၊ စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၄)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၀၈)တို့မှ နိုင်ငံ့ဝန်ထမ်းသင်တန်း သား သင်တန်းသူဦးရေ စုစုပေါင်း ၈၆၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ သင်တန်းအမှတ်စဉ် အလိုက်ရက်သတ္တ(၄ ပတ်မှ ၁၆ ပတ်)အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# မြန်မာ-တရုတ် နှစ်နိုင်ငံ ဗဟိုအစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးတွဲကာကွယ်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ-တရုတ် နှစ်နိုင်ငံဗဟိုအစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးတွဲကာကွယ်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ညှိနှိုင်းအစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဥက္ကဋ္ဌ(၁) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသအတွင်း hotspot အရေအတွက်နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးအတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ၂၀၀၃ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့နည်းစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်း တရုတ်နိုင်ငံနှင့်လည်း နှစ်နိုင်ငံ အစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်ရန်အတွက် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်(၅)ချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် သက်ဆိုင်ရာဌာနများပူးပေါင်း၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် တောမီးလောင်ကျွမ်းမှု ကာကွယ်ရေး၊ တောမီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေး၊ တောမီးအန္တရာယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ကဏ္ဍအလိုက် ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နှစ်စဉ်တောမီးလောင်ကျွမ်းမှုကြောင့် စိုက်ပျိုးသီးနှံနှင့် မြေဆီလွှာပျက်စီးမှု အခြေအနေများ၊ တောမီးလောင်ကျွမ်းမှုကို အဓိကဖြစ်ပေါ်စေသော ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် အသိပညာပေးခြင်းနှင့် လက်တွေ့အသုံးချဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ-တရုတ် နယ်စပ်တစ်လျှောက်ရှိ တောင်သူများ အသိပညာပေးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအသုံးပြု၍ သဘာဝဓာတ်မြေဩဇာ၊ ဇီဝလောင်စာ၊ ဇီဝဓာတ်ငွေ့စသည်ဖြင့် ပြန်လည်အသုံးချနိုင်ရေးအတွက် နည်းပညာနှင့် စက်ပစ္စည်းကိရိယာများ အကူအညီပေးရေး၊ နယ်စပ်ဒေသနေပြည်သူများ၏ ယာမီးရှို့မှုစနစ် ပပျောက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက တောမီးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်ရန်နှင့် လျော့နည်းသက်သာစေရန် အစီအမံများရေးဆွဲသွားရေးနှင့် ကော်မတီဝင်များက မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားရမည့် အခြေအနေများ၊ မီးဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအတွက် ထောက်ပံ့ကူညီမှုများ၊ သဘာဝဘေး အသိပညာပေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးက လုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရနှစ်ခုအကြား တောမီးလောင်ကျွမ်းမှုကာကွယ်ရေးနှင့် ငြိမ်းသတ်ရေးဆိုင်ရာလုပ်ငန်းအဆင့် အွန်လိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးတွင် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအနေဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ဖွဲ့စည်းရန်နှင့် Contact Person ထားရှိရန်၊ မီးဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် ပတ်သက်သည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် နည်းပညာဆိုင်ရာ သင်တန်းများအား ပူးပေါင်းဆောင်ရွက်ရန်နှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု လေ့လာဆန်းစစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြင်ဆင်ဖြည့်စွက်ရန် အချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံရုံးလုပ်ငန်းများကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်နှင့် စနစ်တကျဆောင်ရွက်ရန် အရေးကြီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများအတွက် ၂၀၂၄ ခုနှစ် အခြေခံရုံးလုပ်ငန်း သင်တန်း (၁/၂၀၂၄) သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကော်မရှင်ရုံး အရာထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်၏ ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက် (Operational Plan) ရည်မှန်းချက်ပန်းတိုင်(၆)တွင် သတ်မှတ်ထားသည့်အတိုင်း အရည်အချင်းပြည့်ဝပြီး လုပ်ငန်းအပေါ် သစ္စာရှိသော ဝန်ထမ်းကောင်းများ ရရှိစေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများကို အထောက်အကူပြုနိုင်ရေးအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အခြေခံရုံးလုပ်ငန်းများကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်နှင့် စနစ်တကျဆောင်ရွက်သွားနိုင်ရန် အရေးကြီးသည့်အတွက် သင်တန်းသားများအနေဖြင့် ဂရုတစိုက် မှတ်သားစေလိုကြောင်း၊ သင်တန်းပို့ချမည့် ဆရာများကလည်း စေတနာထားပြီး လက်တွေ့ အတွေ့အကြုံများနှင့် ယှဉ်တွဲ ပို့ချပေးစေလိုကြောင်း၊ ကော်မရှင်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကိုထိရောက်အောင်မြင်စွာ စွမ်းဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရန် ခံယူမှတ်သားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြား၍ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အခြေခံရုံးလုပ်ငန်းသင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်လင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မရမ်းကုန်းခရိုင် လှိုင်မြို့နယ် မီးသတ်စခန်း၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် လှိုင်မြို့နယ်မီးသတ်စခန်း၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်ဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက သန္နွေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရှေ့တန်းကျကျရင်ဆိုင်တုံ့ပြန်ကြရမည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အပြင် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် ပရဟိတအဖွဲ့အစည်းများ၊ လူမှုကူညီရေးအဖွဲ့အစည်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစွမ်းရည် ပိုမိုမြင့်မားလာစေရန်နှင့် ခေတ်မီအဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ စနစ်တကျကျွမ်းကျင်စွာ အသုံးပြုတတ်စေရန်ဖြစ်သည်။

သင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မရမ်းကုန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**



ပြင်ပအလင်းရောင်ကို အသုံးချပါ
မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ (သို့မဟုတ်) “တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ”

**ဒေါက်တာဝါဝါမောင်**

> **လက်ရှိအချိန်တွင် အဆိုပါ မျှော်မှန်းချက် ၂၀၄၅ အား အကောင်အထည်ဖော်ဆောင်မည့်အာဆီယံမဏ္ဍိုင်များအကြား မဟာဗျူဟာစီမံချက်များကို အာဆီယံက ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မိမိနိုင်ငံအတွက် အကျိုးစီးပွား အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို မဏ္ဍိုင်အသီးသီးမှ မျက်ခြည်မပြတ်လေ့လာဆောင်ရွက်နေရမည်ဖြစ်ပါသည်။ အဆိုပါ မဟာဗျူဟာစီမံချက်များအား ၂၀၂၅ ခုနှစ်တွင် ကျင်းပဆောင်ရွက်မည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြအတည်ပြုကြရန် ရည်ရွယ်ထားသောကြောင့် အချိန်ကာလတစ်နှစ်ကျော်အတွင်းတွင် ကဏ္ဍအလိုက် ကြိုတင်ဆွေးနွေးပြင်ဆင်ထားရန်လိုအပ်**

(ယမန်နေ့မှအဆက်)

**စီးပွားရေး**

(က) **စီးပွားရေးနှင့်စပ်လျဉ်းပြီး အာဆီယံအနေဖြင့်** ကမ္ဘာတွင် စတုတ္ထမြောက်စီးပွားရေးအင်အားအကြီးဆုံးသော ဒေသဖြစ်အောင် ရည်မှန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေ့လာမိပါသည်။

( ခ ) အာဆီယံသည်ကမ္ဘောဒီးယား၊လာအိုနိုင်ငံတို့အား ၂၀၂၆ ခုနှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ လွတ်မြောက်ရန် (LDCs Graduation) ရည်မှန်းဆောင်ရွက်နေသဖြင့် အာဆီယံ၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမရှိတော့(No more LDCs in ASEAN) သည့်အတွက် အမှန်တကယ် လက်တွေ့တွင် ညှိနှိုင်းမှုများဆောင်ရွက်ရာ၌ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေသည့် အစီအစဉ်များလျှော့ချရန် ဆွေးနွေးမှုများရှိပါသည်။ သို့သော် ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုကွာဟချက်များကို လျော့နည်းစေနိုင်မည့် လုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင်ရန်နှင့် အားလုံးပါဝင်နိုင်မှုကို မြှင့်တင်နိုင်ရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုတန်းတူညီမျှရယူဆောင်ရွက်နိုင်ရေးကို ဆောင်ရွက်မှသာ အာဆီယံဒေသတွင်းတွင် ညီညွတ်မျှတသည့် ဒေသတစ်ခုဖြစ်လာနိုင်မည်မှာ သတိပြုစရာအဖြစ် လေ့လာတွေ့ရှိရပါသည်၊

( ဂ ) အာဆီယံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် အဓိကမောင်းနှင်သူအနေဖြင့် လွှမ်းမိုးဆောင်ရွက်နိုင်ရေးနှင့် အာဆီယံ၏ ပေါင်းစည်းစွမ်းအား မြှင့်တင်နိုင်ရေးအတွက် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ချိတ်ဆက်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ကုန်များ ယှဉ်ပြိုင်နိုင်မှု (Competitiveness)ရှိစေရေး၊ ချိတ်ဆက်မှု(Connectivity)လိုအပ်သည့်ပြင်ဆင်မှုများကို ပြည်တွင်းတွင် “ဥစ္စာရင်လို ဥစ္စာရင်ခဲ” ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

(ဃ) အာဆီယံအနေဖြင့် မျှော်မှန်းချက်၊ မဟာဗျူဟာများ များပြားသော်လည်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်နိုင်မှုမှာ Pilot Project လောက်သာ ဆောင်ရွက်နိုင်မှုများကြောင့် ကွက်ပြည့်အကောင်အထည် ဖော်ဆောင်နိုင်မှုမှာ အလွန်အားနည်းလျက်ရှိကြောင်း သုံးသပ်ပါသည်။ အကြောင်းမှာ ရန်ပုံငွေနည်းပါးခြင်း၊ အာဆီယံမဟုတ်သော အခြားဆွေးနွေးဖက်နိုင်ငံတို့၏ အကူအညီ (Development Partners) တို့၏ အထောက်အပံ့ကို ရယူဆောင်ရွက်ရခြင်း၊ အခြားသော BRICS အဖွဲ့အစည်းများကဲ့သို့ ဖွံ့ဖြိုးမှုဘဏ် နောက်ခံဘဏ်အဖွဲ့အစည်း မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ရပါသည်၊ အခြားဆွေးနွေးဖက်နိုင်ငံတို့၏ အကူအညီကို ရယူခြင်းကြောင့်လည်း အခြားနိုင်ငံများ၏ လွှမ်းမိုးမှုများရှိနိုင်ကြောင်း သုံးသပ်ပါသည်၊

( င ) အာဆီယံဗဟိုပြုမှုကို အခြေခံ၍ Global ASEAN သို့ ကူးပြောင်းသည့်အချိန်ကာလအတွင်း အာဆီယံ၏ လုပ်ငန်းစဉ်များသည် ကဏ္ဍများအကြား(Cross-sectors)နှင့် မဏ္ဍိုင်များအကြား(Cross pillars) ဆောင်ရွက်ရသည့်လုပ်ငန်းများ ပိုမိုများပြားလာခြင်းကြောင့် အကောင်အထည်ဖော်ရာတွင် ထိထိရောက်ရောက် (Effective Implementation)ဆောင်ရွက်နိုင်ရန်နှင့် အာဆီယံ၏ အချက်အချာကျမှု (ASEAN Centrality)ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် လိုအပ်လိမ့်မည်ဟု သတိပြုမိပါသည်၊

( စ ) အာဆီယံ၏ စီမံချက်များအား ထိထိရောက်ရောက် အကောင်အထည်ဖော်ရာတွင် အာဆီယံရန်ပုံငွေ(ASEAN Funding) လုံလောက်စွာရရှိနိုင်ရန်မှာလည်း အချက်တစ်ခုအနေဖြင့် ပါဝင်ပါသည်၊ အာဆီယံ၏ မျှော်မှန်းချက်များအရ စီးပွားရေးအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားသည့် ဘဏ္ဍာရေး နောက်ခံအဖွဲ့အစည်းမျိုး လိုအပ်မည်ဟု သုံးသပ်ပါသည်၊

(ဆ) အာဆီယံ၏ ရည်မှန်းချက်၊ မဟာဗျူဟာများသည် အပြည့်ပြည့်ဆိုင်ရာ အကောင်အထည်ဖော်မှုများနှင့် ကိုက်ညီအောင် ကြိုးပမ်းလျက်ရှိပြီး အစိမ်းရောင်စီးပွားရေး (Green Economy)၊ အပြာဝါစီးပွားရေး (Blue Economy)၊ ဒီဂျစ်တယ်စီးပွားရေး (Digital Economy)တို့ကို တွန်းအားပေးဆောင်ရွက်ရန်ရှိသော်လည်း အဆိုပါကိစ္စရပ်များကို ပြည်တွင်းတွင် အကောင်အထည်ဖော်ဆောင်ရေးအတွက် အမျိုးသားစီမံကိန်းများနှင့် ချိတ်ဆက်ရန် လိုအပ်သည်ဟု မြင်ပါသည်၊

( ဇ ) အာဆီယံအနေဖြင့် ပထဝီနိုင်ငံရေးကို အလေးထားစဉ်းစားလာချိန်တွင် စီးပွားရေးသည် ပုဂ္ဂလိကကဏ္ဍ၊ အလုပ်အကိုင်ဖန်တီးမှု၊ သာမန်ပြည်သူ အိမ်ထောင်စုများ၏ ဝင်ငွေရရှိမှုနှင့် ဘဝရပ်တည်မှုတို့ကိုလည်း အလေးထားစဉ်းစားရန် လိုအပ်ပါသည်။

**လူမှုရေး**

(က) ဒီမိုကရေစီစည်းမျဉ်းများကို လေးစားလိုက်နာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ် ထွန်းကားစေရေး၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာစေရေးနှင့် ကာကွယ်မြှင့်တင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်မည်ဟု မျှော်မှန်းချက်တွင် ထည့်သွင်းထားသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးသည် ဒီမိုကရေစီနိုင်ငံများ မဟုတ်သည့်အပြင် အာဆီယံ(အာရှ) တန်ဖိုးထားမှုစံနှုန်းကို ယခင်က အလေးထားခဲ့ရာမှ ယခုအခါ အပြည်ပြည်ဆိုင်ရာစံနှုန်းများအား ပိုမိုအလေးပေး ပြောင်းလဲဦးတည်လာကြောင်း တွေ့ရှိရပါသည်၊

( ခ ) ထိုအကျိုးဆက်အရ ပြည်သူကို ဗဟိုပြုသော၊ ပြည်သူကို အလေးထားသော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်စေရန် သက်ဆိုင်ရာနိုင်ငံများ၏ ဖွံ့ဖြိုးမှုမူဝါဒများ၊ လူမှုရေးအကာအကွယ်ပေးမှု မူဝါဒများနှင့် ကိုက်ညီမှုရှိရန် လိုအပ်မည်ဖြစ်ပါသည်၊

( ဂ ) လူသားအရင်းအမြစ်များ ပေါများသည့် အာဆီယံ၏ အားသာချက်များကို အပြည့်အဝ ထိရောက်စွာ အသုံးပြုနိုင်ရန်မှာ ကျွမ်းကျင်မှုမြင့်မားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားအင်အားများ ပိုမိုပေါ်ထွန်းလာစေရန်အတွက် Platform များ တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်၊

(ဃ) အာဆီယံ၏ အနှစ်သာရကို တန်ဖိုးထားဂုဏ်ယူသော အသိုက်အဝန်းတစ်ခုဖြစ်စေရေးအတွက် အာဆီယံ၏ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာနှင့် ရိုးရာဓလေ့များကို တန်ဖိုးထားမြှင့်တင်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းစုများကို မြှင့်တင်ခြင်းတို့ ဆောင်ရွက်ရာတွင် အထူးသဖြင့် လူငယ်များ၊ အမျိုးသမီးများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းစု (SMEs)များကို ဦးစားပေးအသုံးပြုရန်နှင့် ဒီဂျစ်တယ်ကောင်းစွာအသုံးပြုတတ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ရေးနှင့် မီဒီယာစီမံခန့်ခွဲမှုများ လိုအပ်မည်ဖြစ်ပါသည်၊

( င ) ကျန်းမာကြံ့ခိုင်သည့် အာဆီယံပြည်သူများဖြစ်စေရန် ဘေးကင်းလုံခြုံသော၊ ပြည့်စုံကောင်းမွန်သည့် Access to Health Care ဖြစ်ပေါ်စေမည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ထူထောင်ရန်၊ ကျန်းမာကြံ့ခိုင်မှုအတွက် ကိုယ်လက်လှုပ်ရှားအားကစားနှင့် နေထိုင်မှုစနစ်များကို အားပေးရန်နှင့် လူဦးရေပုံသဏ္ဌာန်အရ အသက်ကြီးပိုင်း(Aging) ပိုမိုများပြားမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**ပေါင်းစည်းဆက်နွှယ်မှု** (Connectivity)

(က) **ပေါင်းစည်းဆက်နွှယ်မှု**(Connectivity) တွင် အခြေခံအဆောက်အအုံများ ချိတ်ဆက်မှု (Physical Connectivity)၊ အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှု (Institutional Connectivity)၊ ပြည်သူအချင်းချင်းချိတ်ဆက်မှု (People to People Connectivity) ဟူ၍ရှိရာ အာဆီယံမဏ္ဍိုင် (၃) ရပ်လုံးနှင့် ချိတ်ဆက်လျက်ရှိနေပါသည်၊ သို့ဖြစ်ပါ၍ Master Plan on ASEAN Connectivity (MPAC-2025) ကိုအကောင်အထည်ဖော်ဆောင်ရာတွင် အဓိကတွေ့ကြုံရသည့် အခက်အခဲမှာ အာဆီယံမဏ္ဍိုင်များအကြား မဟာဗျူဟာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် မဏ္ဍိုင်များအကြား၊ ဌာနများအကြား Cross-cutting ဖြစ်နေသည့်အတွက် Ownership ပြဿနာရှိကြောင်း လေ့လာတွေ့ရှိရပါသည်၊

( ခ ) အာဆီယံနိုင်ငံများအကြား **ပေါင်းစည်းဆက်နွှယ်မှု အားကောင်းစေရန်** ငွေကြေးလွှဲပြောင်းပေးချေမှုများအတွက် ဘဏ္ဍာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ချိတ်ဆက်ခြင်း၊ ဒီဂျစ်တယ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဆိုက်ဘာလုံခြုံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ စီမံအုပ်ချုပ်မှုစနစ်ကောင်းမွန်စေခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် ထိရောက်အားကောင်းစေခြင်း၊ သတင်းအချက်အလက်များအား ထိရောက်စွာ နယ်စပ်ဖြတ်ကျော် စီးဆင်းနိုင်ခြင်း၊ ဒေသတွင်းရှိ ပြည်သူအချင်းချင်းအကြား ချိတ်ဆက်မှု အားကောင်းစေခြင်းနှင့် ရေရှည်တည်တံ့သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းအပါအဝင် အာဆီယံနိုင်ငံ နိုင်ငံများအကြား နိုင်ငံအချင်းချင်း(Bilateral)ဖြစ်စေ၊ အခြားသောဒေသတွင်း နိုင်ငံများ(ဥပမာ- GMS နိုင်ငံများ)အကြားဖြစ်စေ ပေါင်းစည်းဆက်နွှယ်မှုများ မြှင့်တင်ရန် လိုအပ်ခြင်းကြောင့် အကောင်အထည် ဖော်ဆောင်နိုင်မည့် အခြားသောဒေသခွဲနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးမူဘောင်များ(Multilateral Framework)စသည်ဖြင့် စီမံချက် Model အမျိုးမျိုး လိုအပ်မည်ဖြစ်ပါသည်၊ ဘက်ပေါင်းစုံတွင် အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်သော အသိုက်အဝန်းတစ်ခုဖြစ်ပေါ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများလိုအပ်မည်ဖြစ်ရာ အဆိုပါလိုအပ်မည့်ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြစ်ပေါ်နိုင်မည့် Model နှင့် Institutional Contact တို့ လိုအပ်မည်ဖြစ်ပါသည်။ အလားတူပင် ပေါင်းစည်းဆက်နွှယ်မှု **စာမျက်နှာ ၁၁ သို့** ❖

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် - ၃ )တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းအပိုင်းအလိုက် သတ်မှတ်ကာလအတွင်း ပြီးစီးရေးရည်မှန်းချက်ထား ဆောင်ရွက်နေမှု၊ Road Curb၊ Electrical နှင့် Water Supply စနစ်များ ဆောင်ရွက်နေမှု၊ ချဉ်းကပ်တံတားများတွင် AC ကတ္တရာခင်းခြင်းနှင့် မြေကာနံရံများတွင် မြက်စိုက်ခြင်း ဆောင်ရွက်ပြီးစီးမှု၊ လမ်းဆုံနေရာတွင် ယာဉ်ကြီး/ယာဉ်ငယ်များ လွတ်လပ်စွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် သာကေတဘက်ခြမ်း၌ Toll Plaza တည်ဆောက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းစဉ်များအလိုက် လျာထားချက်များအတိုင်း ပြီးစီးရေး၊ ဒီဇိုင်းသတ်မှတ်ရေးဆွဲထားသည့်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် မေလကုန် အပြီးသတ်နိုင်အောင် တွန်းအားပေးဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတဘက်ခြမ်းရှိ လုပ်ငန်းခွင်သို့ရောက်ရှိပြီး ချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှု၊ Toll Plaza တည်ဆောက်နေမှု၊ Relocation Road များ တိုးချဲ့ဆောင်ရွက်နေမှု၊ PC Box Girder အပေါ်တွင် ကတ္တရာကွန်ကရစ်ခင်းကျင်းနေမှု၊ ပင်မတံတား Steel Box Girder အား Blasting လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေလမ်းကြောင်းသွား သင်္ဘောများ အန္တရာယ်ကင်းရှင်းရေးအတွက် ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်ဘက်ခြမ်းသို့ သွားရောက်၍ ချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှု၊ တံတားအတက်အဆင်းအပိုင်းတွင် AC ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)ကို ၂၀၁၉ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ပြီး သာကေတဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၆၀၂ မီတာ (၁၉၇၅ ပေ)၊ သန်လျင်ဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၈၀၇ မီတာ (၂၆၄၇ ပေ)၊ ပင်မတံတားအရှည် ၁၂၂၄ မီတာ (၄၀၁၆ ပေ) စုစုပေါင်း ၂၆၃၃ မီတာ (၈၆၃၈ ပေ) ရှည်လျားပြီး လေးလမ်းသွား သံမဏိကြိုးဆိုင်းတံတားကြီးဖြစ်သည်။ တံတား၏ရေလမ်းကင်းလွတ် အမြင့် ၁၃ ဒသမ ၂၅ မီတာ (၄၃ ပေ) ရှိပြီး အကျယ်မှာ ၂၂၄ မီတာ (၇၃၅ ပေ) ရှိသဖြင့် ရေယာဉ်များ လွတ်လပ်စွာ ဝင်/ထွက်သွားလာနိုင်မည်ဖြစ်သည်။ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မှ သန်လျင်နှင့် သီလဝါအထူးစီးပွားရေးဇုန်များသို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်လာကာ ယခုလက်ရှိတံတားအဟောင်း၏ ယာဉ်ကြောပိတ်ဆို့မှုများကို အတိုင်းအတာတစ်ခုအထိ လျော့နည်းသက်သာလာစေမည်ဖြစ်သည်။

Toll Plaza တွင် ယာဉ်ဖြတ်သန်းခကောက်ခံသည့် စနစ်ကို ငွေသားပေးချေမှုအပြင် ယာဉ်သွားလာမှု သွက်လက်လွယ်ကူစေရေး နိုင်ငံတကာကဲ့သို့ ETC နှင့် Mobile Pay တို့ဖြင့် ပေးချေသည့်စနစ်ကို စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ် မေလကုန်တွင် လုပ်ငန်းများပြီးစီးရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းလုပ်ငန်းပြီးစီးမှုမှာ ၉၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စည်ပင်သာယာ ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်များဖြင့် သရုပ်ပြ ရေဖျန်းမီးငြှိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံ လက်တွေ့ပြသခြင်းများကို ဆောင်ရွက်စဉ်။

ကိုမင်း(ပြန်/ဆက်)

## ကမာရွတ်မြို့နယ်၌ ထရန်စဖော်မာများ ကြံ့ခိုင်မှုရှိစေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ YESC ပိုင် ထရန်စဖော်မာများအား ကြံ့ခိုင်မှုပြည့်ဝစွာ ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးက ကမာရွတ်မြို့နယ် အမှတ် (၁)၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်အတွင်းရှိ ထရန်စဖော်မာ ၃၂ လုံးအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဝမ်းတွင်းမူလတန်းကြိုကျောင်းတွင် မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်ခြင်း ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုများကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များ လက်တွေ့ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

❖ စာမျက်နှာ ၁၀ မှ

အားကောင်းစေရေးအတွက် ဒေသတွင်းစီမံကိန်း (Regional Plan) နှင့် အမျိုးသားစီမံကိန်း (National Plan) တို့အကြား အချိန်အခါနှင့် အခြေအနေပေးသည့်အပေါ် မူတည်၍ ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

**နိဂုံး**

လက်ရှိအချိန်တွင် အဆိုပါ မျှော်မှန်းချက် ၂၀၄၅ အား အကောင်အထည်ဖော်ဆောင်မည့် အာဆီယံမဏ္ဍိုင်များအကြား မဟာဗျူဟာစီမံချက်များကို အာဆီယံက ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မိမိနိုင်ငံအတွက် အကျိုးစီးပွား အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို မဏ္ဍိုင်အသီးသီးမှ မျက်ခြည်မပြတ် လေ့လာဆောင်ရွက်နေရမည်ဖြစ်ပါသည်။ အဆိုပါ မဟာဗျူဟာစီမံချက်များအား ၂၀၂၅ ခုနှစ်တွင် ကျင်းပဆောင်ရွက်မည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြအတည်ပြုကြရန် ရည်ရွယ်ထားသောကြောင့် အချိန်ကာလတစ်နှစ်ကျော်အတွင်းတွင် ကဏ္ဍအလိုက် ကြိုတင်ဆွေးနွေးပြင်ဆင်ထားရန် လိုအပ်ပါသည်။

အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ **-တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူဗဟိုပြုအာဆီယံ** (ASEAN VISION 2045 : "Resilient, Innovation, Dynamic, and People-Centered ASEAN) **ဆောင်ပုဒ်ဖြင့်** နောင်နှစ် ၂၀ အထိ မျှော်မှန်းချက်နှင့် လမ်းပြမြေပုံအရ မိမိနိုင်ငံနှင့် သင့်တော်လိုက်လျောညီထွေပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဒေသဆိုင်ရာနှင့် ပါဝင်ပေါင်းစည်းလျက် နိုင်ငံအကျိုးရှိရာရှိကြောင်း လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း ပထမဆယ်စုနှစ်ထက် ဒုတိယဆယ်စုနှစ်သည် ကမ္ဘာနှင့် ဒေသတွင်း ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး ရိုက်ခတ်မှုများက လျင်မြန်စွာပြောင်းလဲလာသည်မှာ ဂရုပြုစရာပင်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ထိခိုက်မှုမရှိစေရေးအတွက် မျက်ခြည်မပြတ်ပါဝင်တက်ရောက်လျက် တစေ့တစောင်း လေ့လာဆောင်ရွက်နေရန် လိုအပ်ပါသည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ အာဆီယံမဏ္ဍိုင်အသီးသီးနှင့် လုပ်ငန်းအဖွဲ့များတွင် လိုက်ပါဆောင်ရွက်နေသူများ၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်သူများအနေဖြင့် မိမိတို့ကဏ္ဍအသီးသီးမှ အာဆီယံ၏ နှစ် ၂၀ အတွင်း အကောင်အထည်ဖော်ဆောင်မည့် အလားအလာများကို သိရှိနားလည်ခြင်းဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်စေရန် မီးမောင်းထိုးသုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကားစာရင်း**


- **ASEAN Secretariat, August 8, 1967, *"ASEAN Charter"***
- **ASEAN Secretariat, 1976, *"Treaty of Amity and Cooperations in Southeast Asia (TAC)"***
- **https://asean.org/June 26 ,1945, *"UN Charter"***
- **https://asean.org/ 1982, *"United Nations Convention on the Law of the Sea (UNCLOS)"***
- **https://asean.org/ the 34th ASEAN Summit, 2019, *"ASEAN Outlook on the Indo-Pacific (AOIP)"***
- **May 23, 2022, *"Indo-Pacific Economic Framework for Prosperity"***
- **Endorsed by the 42nd ASEAN Summit in May 2023, *"Core Elements"***
- **ASEAN Secretariat, September 2023, *"ASEAN Community Vision 2045"***
- **https:// theaseanmagazine. asean.org/ article/achieving-the-asean-community-vision-2045/**
- **https:// asean.org/ our-communities/ asean-political-security-community/**
- **https:// asean.org/ our-communities/ asean-socio-cultural-community/**
- **https:// www.asean.org/ wp-content/ uploads/ 2012/ 05/ ASEAN-APSC-Blueprint-2025.pdf**



# အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀) မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါဖွင့်ပွဲအခမ်းအနားကို တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသောတပ်မတော်သားများအား အလေးပြုပြီး တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က သရုပ်ပြတီးခတ်ဖျော်ဖြေကြရာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြပြီး တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့အား တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းပေါင်း ၂၉ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးမြို့၊ ကျောက်တံခါးမြို့၊ ဒိုက်ဦးမြို့နှင့် ကဝမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ကျောက်တံခါးမြို့၊ ဒိုက်ဦးမြို့နှင့် ကဝမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက အုတ်တွင်းတပ်နယ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အမှာစကား ပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူး နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား နယ်မြေခံသင်တန်းကျောင်းစားရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဖေဖော်ဝါရီ ၁၉

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး(၁/၂၀၂၄)ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သော လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။




**၉၄ ရာခိုင်နှုန်း အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့**

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် က ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို ပြန်လည်သုံးသပ်ပါက ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းကဏ္ဍ(၄)ရပ်ရှိ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍပါ လုပ်ငန်းစဉ်များအား ၉၄ ရာခိုင်နှုန်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဆောင်ရွက်မှုများကို ပြည်သူလူထုထံ ရောက်ရှိစေရန် မီဒီယာပိုင်းကို အလေးထားဆောင်ရွက်နိုင်ခဲ့ပြီး အသိပညာပေးမှုများ၊ တားဆီးပြန်လွှတ်မှုများကို သက်ဆိုင်ရာအဖွဲ့ အစည်းများနှင့် ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာပြီး အခက်အခဲဒုက္ခကြုံတွေ့နေရသည့် နိုင်ငံခြားသားများအား စုံစမ်းရှာဖွေကယ်တင်ပေးရန် သက်ဆိုင်ရာသံရုံးများ၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့အင်တာပို၏ National Central Bureau (NCB) လမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကယ်တင်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တရားစွဲဆိုရေးလုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှုများအား စုံစမ်းဖော်ထုတ်စစ်ဆေးမှု၊ အမှုတည်ဆောက်မှု၊ တရားစွဲဆိုမှုများနှင့် ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များချမှတ်နိုင်ရေး တရားစွဲအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကဏ္ဍတွင် လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်များ ရေးဆွဲပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများကို ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်၌ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစသည့် လုပ်ငန်းကဏ္ဍကြီး(၄)ရပ်တွင် လုပ်ငန်းစဉ် ၆၂ ခုနှင့် လုပ်ငန်းဆောင်ရွက်ချက် ၁၆၉ ချက်ကို ထည့်သွင်းရေးဆွဲထားရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်လာသည့် လူကုန်ကူးမှုပုံစံအသစ်များ၊ လူကုန်ကူးမှုလမ်းကြောင်းများ၊ နည်းပညာကို အသုံးပြု၍ ကျူးလွန်လာသည့် နည်းလမ်းများ ဖြေရှင်းဖော်ထုတ်နိုင်ရန် လူကုန်ကူးမှုတားဆီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအပြင် လူကုန်ကူးမှုများကို တိုက်ဖျက်နှိမ်နင်းမည့် နည်းလမ်းများ ပါဝင်သော လုပ်ငန်းဆောင်ရွက်ချက်အသစ်များ ရေးဆွဲထားရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များက ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်တွင် ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြပြီး အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးက ခြုံငုံသုံးသပ်ဆွေးနွေးသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက်မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ လုပ်နည်း/ လုပ်ဟန်သစ်များနှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသော စံနှုန်းများအပေါ် မူတည်၍ ရေးဆွဲထားသောကြောင့် စီမံချက်ပါလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ရာနှုန်းပြည့်ပြီးမြောက် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ခရီးသွားအခွန်ကောက်ခံ

**ဂျကာတာ ဖေဖော်ဝါရီ ၁၉**

အင်ဒိုနီးရှားနိုင်ငံရှိ ဘာလီအပန်းဖြေကျွန်းသည် ရိုးရာယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံခြားခရီးသွားများအား ခရီးသွားအခွန်ကောက်ခံခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယင်းအခွန်ကောက်ခံရေးအစီအစဉ်အရ နိုင်ငံခြားသားဧည့်သည်များသည် ဘာလီသို့ ဝင်ရောက်ရန် ရူပီးယား ၁၅၀၀၀၀ ပေးဆောင်ရမည်ဖြစ်ပြီး ယင်းခရီးသွားခွန်ကို အွန်လိုင်း သို့မဟုတ် လေဆိပ်ကောင်တာများတွင် ပေးဆောင်နိုင်သည်။ ဂျပန်နိုင်ငံမှဧည့်သည်တစ်ဦးက အဆိုပါငွေကြေးပမာဏမှာ အလွန်မမြင့်မားသောကြောင့် ယင်းခရီးသွားအခွန်ကို လက်ခံနိုင်သည်ဟု ပြောသည်။

ဘာလီကျွန်းသည် ၎င်း၏လှပသော ကမ်းခြေများကြောင့် လူသိများပြီး ကျွန်း၏စပါးခင်း များနှင့် ဘုရားကျောင်းများကို ယူနက်စကိုအဖွဲ့က ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခဲ့သည်။ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ပြန်လည်ကျဆင်းသက်သာလာသည့်အတွက် ယမန်နှစ်အတွင်း ဘာလီကျွန်းသို့ လာရောက်လည်ပတ်သူ ၅ ဒသမ ၂၇ သန်း ရှိခဲ့သည်။ ယခုကဲ့သို့ ငွေကြေးအရင်းအမြစ်များ တိုးတက်လာပါက ဘာလီကျွန်း၏ ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင် နိုင်မည်ဖြစ်ကြောင်း ဘာလီဒေသန္တရအစိုးရ ခရီးသွားလုပ်ငန်းရုံး တာဝန်ရှိသူ ဒါယူအင်ဒတ်ကမှတ်ချက်ပြု ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**






# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နူရီစတန်ပြည်နယ်၌ မြေပြိုမှုကြောင့် ၂၅ ဦး သေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နူရီစတန်ပြည်နယ် နော်ဂါရမ်ခရိုင်တွင် ဖြစ်ပွားခဲ့သော မြေပြိုမှုကြောင့် အနည်းဆုံး ၂၅ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဟာလီဘူလ်လာဆာဘီယာက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

**မြေပြိုမှုအန္တရာယ်ဖြစ်ပွားခဲ့**

နော်ဂါရမ်ခရိုင် တာတင်ဒါရာဒေသတွင် ဖေဖော်ဝါရီ ၁၈ ရက် ညနေ့ခင်းပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး နှင်းများထူထပ်စွာကျဆင်းမှုကြောင့် မြေပြိုမှုအန္တရာယ်ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ပြီး သေဆုံးသူများထဲတွင် အမျိုးသမီးနှင့် ကလေးများလည်းပါဝင်ကြောင်း သိရသည်။

လက်ရှိတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထို့ပြင် မြေပြိုမှုကြောင့် အိမ်ခြေ ၂၀ ထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မြေပြိုမှုကြောင့် အသေအပျောက်အရေအတွက်နှင့်စပ်လျဉ်း၍ အတိအကျမသိရသေးကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မူလာဂျာနန်ဆိက ပြောကြားခဲ့သည်။

မြို့တော်ကဘူးလ်အပါအဝင် အာဖဂန်နစ္စတန်နိုင်ငံ၏ ဒေသတချို့၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းမှစတင်ကာ မိုးရွာသွန်းမှုနှင့် ဆီးနှင်းများကျဆင်းခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# သီရိလင်္ကာနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် ယာဉ်မတော်တဆမှုကြောင့် ၂၅၅၇ ဦး သေဆုံးခဲ့

**ကိုလံဘို ဖေဖော်ဝါရီ ၁၉**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် ယာဉ်မတော်တဆမှုပေါင်း ၂၂၀၀ ဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၂၅၅၇ ဦးရှိခဲ့ကြောင်း သီရိလင်္ကာနိုင်ငံရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်မီဒီယာက ဖေဖော်ဝါရီ ၁၉ ရက်တွင် သတင်းဖော်ပြခဲ့သည်။

**သေဆုံးမှုအများဆုံး**

၂၀၂၃ ခုနှစ်တွင် ယာဉ်မတော်တဆမှုကြောင့် လမ်းသွားလမ်းလာများ သေဆုံးမှုအများဆုံးဖြစ်ပြီး ဆိုင်ကယ်စီးသူ ၇၀၇ ဦး အသက်ဆုံးရှုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ နီဟာသာဒူဝါက ပြောကြားခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူအနည်းဆုံးအရေအတွက်မှာ သီရိလင်္ကာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးဘုတ်အဖွဲ့မှ ပိုင်ဆိုင်သည့် ဘတ်စ်ကားများနှင့် ထရပ်ကားများပါဝင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ယာဉ်မတော်တဆမှုစုစုပေါင်း ၂၃၉၅ မှုဖြစ်ပွားခဲ့ပြီး ၂၅၁၅ ဦး သေဆုံးခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ်တွင် ယာဉ်မတော်တဆမှုစုစုပေါင်း ၂၅၁၃ မှုဖြစ်ပွားခဲ့ကာ ၂၆၁၄ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ နီဟာသာဒူဝါက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# အင်ဒိုနီးရှားနိုင်ငံ၌ ဟိုက်ဒရိုဂျင်လောင်စာသုံးမော်တော်ယာဉ်များအတွက် ဟိုက်ဒရိုဂျင်လောင်စာစခန်း ဖွင့်လှစ်မည်




**ဂျကာတာ ဖေဖော်ဝါရီ ၁၉**

အင်ဒိုနီးရှားနိုင်ငံက ဟိုက်ဒရိုဂျင်လောင်စာသုံး မော်တော်ယာဉ်များအတွက် ၎င်း၏ ပထမဆုံးဟိုက်ဒရိုဂျင်လောင်စာစခန်းကို ယခုလကုန်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အင်ဒိုနီးရှားလျှပ်စစ်ကုမ္ပဏီက ယနေ့ပြောကြားသည်။

**ကတိကဝတ်တစ်စိတ်တစ်ပိုင်းဖြစ်**

နိုင်ငံ၏အစိုးရပိုင် လျှပ်စစ်ဓာတ်အားကုမ္ပဏီ PLN ၏ ဒါရိုက်တာ Darmawan Prasodjo က ယင်းဟိုက်ဒရိုဂျင်လောင်စာစခန်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များအတွက် အစိမ်းရောင်ဟိုက်ဒရိုဂျင်ဝန်ဆောင်မှုအပါအဝင် အနာဂတ်ယာဉ်ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အင်ဒိုနီးရှားနိုင်ငံ၏ ကတိကဝတ်တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

“လျှပ်စစ်မော်တော်ကား ဂေဟစနစ်ထူထောင်ရေးတွင် ရှေ့ဦးဆောင်ရွက်သောနိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားက ဟိုက်ဒရိုဂျင် လောင်စာသုံးယာဉ်တွေရဲ့ ဂေဟစနစ်မှာ အဓိကဆောင်ရွက်သူဖြစ်လာဖို့ အဆင်သင့်ဖြစ်နေပါပြီ” ဟု Prasodjo က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မော်တော်ယာဉ်ပြပွဲတွင် ပထမဆုံး ဟိုက်ဒရိုဂျင်လောင်စာစခန်း အစီအစဉ်ကို ထုတ်ဖော်ပြသခဲ့သည့် အင်ဒိုနီးရှားသည် ဟိုက်ဒရိုဂျင်လောင်စာသုံး မော်တော်ယာဉ်များဆီသို့ ပြောင်းလဲအသုံးပြုရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် လူမှုအသိုင်းအဝိုင်းများကို ဖိတ်ခေါ်ရန်မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားခဲ့ သည်။

ကမ္ဘာ့ စတုတ္ထလူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန်နှင့် ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်အသားတင်ထုတ်လွှတ်မှုကင်းစင်ရေး ပန်းတိုင်သို့ရောက်ရှိရန် ၎င်း၏လမ်းကြောင်းပေါ်တွင် ရှိနေသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Yeyint Yan 7 (YK)" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉) ရပ်ကွက်နေ ချစ်ရအောင်အား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Moe Wathan" အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သပြေလှကျေးရွာနေ မိုးဝသန်ဦးအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၁ ဒသမ ၆၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၁၃ ဒသမ ၆၈ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၁ ဒသမ ၆၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၁၃ ဒသမ ၆၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီးတွင် လားရှိုး-မန္တလေးသွား AD VAN ခရီးသည်တင်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် လူမဲ့တန်ဆာတင်ဆောင်လာသည့် စိတ်ပြောင်းဆေးဝါး Happy Water ၁၃ ဒသမ ၄၇ ကီလိုကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

### ဖော်ထုတ်ဖမ်းဆီးရမိ

ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါစိတ်ပြောင်းဆေးဝါးများကို လားရှိုးမှ မြစ်ကြီးနားသို့ သယ်ဆောင်ရောင်းဝယ်သူများဖြစ်ကြသည့် ပြည့်ဖြိုးအောင်(ခ)ဆိုင်လျှန်းအား မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် မြစ်ဖျားရောအဝေးပြေးကားဝင်းတွင် ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ ဇာနည်မျိုးနိုင်(ခ)ဇာနည် အား မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်တွင် စိတ်ပြောင်းဆေးဝါး Happy Water ၂၁၀ ဂရမ်၊ LEXUS မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း ဖော်ထုတ်ဖမ်းဆီး ရမိခဲ့သည်။

စုစုပေါင်းသိမ်းဆည်းရမိမှုမှာ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၁၃ ဒသမ ၆၈ ကီလိုဖြစ်ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါး Happy Water များကို ရှမ်းပြည်နယ်မှ မန္တလေး၊ ယင်းမှတစ်ဆင့် ကချင်ပြည်နယ်သို့ လူမဲ့တန်ဆာဖြင့် သယ်ဆောင်၍ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးမိတ်မြို့ကို တပ်မတော်က ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် ပြည်သူ ၁၀၂ ဦးကို သတ်ဖြတ်ခဲ့ပြီး အမျိုးသမီး လေးဦးကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ရှိ လုံခြုံရေးတပ်စခန်းများနှင့် ဌာနဆိုင်ရာ အဆောက်အအုံများကို KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဇန်နဝါရီ ၁၈ ရက်က ဝင်ရောက် တိုက်ခိုက်ခဲ့သည့်အတွက် တပ်မတော်ကပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ မိုးမိတ်မြို့ပေါ်တွင် ပြည်သူ ၁၀၂ ဦးထက် မနည်းကို သတ်ဖြတ်သွားခဲ့ကြောင်းနှင့် အသက်မပြည့်သေးသော မိန်းကလေး သုံးဦးအပါအဝင် အမျိုးသမီး လေးဦးကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို အများပြည်သူအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါ မိုးမိတ်မြို့ကို ကောလင်းမြို့ကဲ့သို့ တိုက်ခိုက်ဖျက်ဆီးရန်အတွက် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် လုံခြုံရေးတပ်စခန်းများနှင့် ဌာနဆိုင်ရာအဆောက်အအုံများကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများအတွင်း ခံစစ်ဆင်၍ တပ်မတော် စစ်ကြောင်းများကို တန်ပြန်တိုက်ခိုက်ခဲ့ခြင်း၊ ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ယူတိုက်ခိုက်ခြင်းများအပြင် အများပြည်သူအသုံးပြုသည့် လမ်းများကို မိုင်းထောင်ထားခြင်းများကြောင့် တပ်မတော်က ပြည်သူများ ထိခိုက်မှုမရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အကြမ်းဖက်သမားများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ရသည့်အတွက် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် မိုးမိတ်မြို့အတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ခြင်းကြောင့် ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

ထိုသို့ တပ်မတော်က စနစ်တကျထိုးစစ်ဆင်တိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ကောလာဟလသတင်းများဖြင့် တပ်မတော်အပေါ် ပြည်သူများ




အထင်အမြင် လွဲမှားစေရန်နှင့် တပ်မတော် ဂုဏ်သိက္ခာကျဆင်းစေရန်တို့အတွက် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် သတင်းများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်းနယ်မြေမီးသတ်စခန်းအား ကွင်းဆင်းစစ်ဆေး



မိတ္ထီလာ ဖေဖော်ဝါရီ ၁၉

ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်၌ ဖြတ်သန်းသွားလာနေကြသည့်မော်တော်ယာဉ်များ မိုင်တိုင်အမှတ် (၂၇၆/၂မှ၃၁၇/၂)အတွင်း မီးလောင်မှုနှင့် မတော်တဆမှုများဖြစ်ပွားပါက မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်းနယ်မြေ မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုရှိစေရန် ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါစခန်းအား ခရိုင်မီးသတ်ဦးစီးမှူးဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တပ်ဖွဲ့ဝင်များအား လူအသင့်၊ ယာဉ်/စက်အသင့်၊ ဆီအသင့်၊ ရေအသင့်ဖြစ်နေစေရန်နှင့် ရှာဖွေကယ်ဆယ်ရေးစက်ကိရိယာများ အမြဲတမ်းအသင့်ဖြစ်နေစေရေးတို့ကို မှာကြားပြီး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်မီးသတ်**

## ယနေ့ ညနေအထိ ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

**မိုး/ဇလ**

# တောင်ငူမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မိုင်ဒါကွင်းရှိလွတ်လပ်ရေးကျောက်တိုင်၌ ပြုလုပ်ကြသည်။

ဦးစွာ တောင်ငူမြို့မှ ဒေသခံတိုင်းရင်းသားမျိုးချစ်ပြည်သူများက ဗိုလ်မှူးဖိုးကွန်းလမ်းရှိ မင်းကြီးရုပ်တု၌ စုဝေးကြပြီး ကျင်းပမည့်နေရာသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက် ဆန္ဒထုတ်ဖော်ဟောပြောခဲ့ပြီး ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သာပေါင်းမြို့နယ်၌ သောက်သုံးရေရရှိရေးအတွက် အဝီစိစက်ရေတွင်း တူးဖော်ပြီးစီးမှုစစ်ဆေး

**သာပေါင်း ဖေဖော်ဝါရီ ၁၉**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သက်နှင်းပင်ဆိပ်ကျေးရွာနှင့် ပန်းပင်ဆိပ်ကျေးရွာတို့တွင် သောက်သုံးရေရရှိရေးအတွက် အဝီစိစက်ရေတွင်း တူးဖော်ပြီးစီးမှုအခြေအနေများကို ယနေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်၊ ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ သက်နှင်းပင်ဆိပ်ကျေးရွာတွင် အကျယ် လေးလက်မခွဲ အနက် ၃၆၅ ပေရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ နှစ်လက်မအကျယ် အရှည် ပေ ၂၀၀ ရှိရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ပန်းပင်ဆိပ်ကျေးရွာတွင် အကျယ် လေးလက်မခွဲ အနက်ပေ ၃၆၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဝီစိတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၀၀ စီကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် မြတ်ခန့်ညားကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လဒုတိယပတ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**၂၂၂**

# အကျဉ်းသူများကို ဆဲဆိုခြင်း၊ အလုပ်ကြမ်းများခိုင်းခြင်းနှင့် ခြိမ်းခြောက်ပြောဆိုခြင်းများ လုပ်ဆောင်သည်ဟု မဟုတ်မမှန် လုပ်ကြံရေးသား

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြင်းခြံဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသူများကို ထောင်ဝန်ထမ်းများက ဆဲဆိုခြင်း၊ အလုပ်ကြမ်းများခိုင်းခြင်းနှင့် ခြိမ်းခြောက်ပြောဆိုခြင်းများ လုပ်ဆောင်ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page မှ ဖေဖော်ဝါရီ ၁၁ ရက်က မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကိုတွေ့ရသည်။

ပုံမှန်အားဖြင့် အကျဉ်းထောင်အုတ်ရိုးအတွင်းသို့ တာဝန်ထမ်းဆောင်လျက်ရှိသော အမျိုးသား/အမျိုးသမီးဝန်ထမ်းအားလုံးသည် တုတ်အပါအဝင် မည်သည့်လက်နက်ကိုမှ ကိုင်ဆောင်ခြင်းမပြုဘဲ လုံခြုံရေး၊ အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်ကြရသည်။ ထောင်လုန့်ဇာတ်တိုက် လေ့ကျင့်သည့် တနင်္ဂနွေနေ့တွင်သာ တုတ်/ဒိုင်းများကိုင်ဆောင်၍ လေ့ကျင့်ခြင်းပြုလုပ်လေ့ရှိသည်။ အကျဉ်းသူအားလုံးကို သီးခြားခွဲခြားထားခြင်းမျိုးမရှိဘဲ တစ်ပြေးညီ စီမံအုပ်ချုပ်လျက်ရှိပြီး အိပ်ဆောင်/အိပ်ခန်းများတွင်လည်း တစ်ပြေးညီနေရာချထားခြင်းဖြစ်သည်။

အကျဉ်းသူများအား အလုပ်ကြမ်းခိုင်းရန်အတွက် သတ်မှတ်ထားခြင်းမရှိဘဲ ၎င်းတို့ အိပ်ဆောင်/အခန်းများကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ၎င်းတို့စားသုံးရန် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ ရေပိုက်မှ အဆောင်အတွင်းသို့ပို့လွှတ်သော ရေသန့်အား ပုံးဖြင့်ခံ၍ ၎င်းတို့အခန်းအတွင်းသယ်ယူခြင်း၊ မီးဖိုကြီးမှ ပို့သည့် ထမင်းနှင့်ဟင်းများအား အမျိုးသမီးဆောင်အဝမှ ပေ ၄၀ ခန့်အကွာရှိအိပ်ဆောင်သို့ သယ်ယူခြင်းကိုသာ ဆောင်ရွက်ရသည်။ ထိုသို့သယ်ယူရာတွင်လည်း ကိုယ်ခန္ဓာတောင့်တင်းသော ရာဇဝတ်အကျဉ်းသူများက အလှည့်ကျသယ်ယူရသည်။ ပေါ့ပါးသော သန့်ရှင်းရေးလုပ်ငန်းများကို အခန်းအလိုက် အကျဉ်းသူအားလုံးမှ အလှည့်ကျ ဆောင်ရွက်ရသည်။ ထိုသို့ ဆောင်ရွက်ရသည့်အတွက် အကျဉ်းသူအားလုံးကို ဥပဒေပါအတိုင်း သာမန်လျှော့ရက်များ ခံစားခွင့်ပေးထားသည်။ အသက် ၅၀ နှင့်အထက်ရှိသော မည်သည့် အကျဉ်းသူကိုမှ အလုပ်တာဝန်ပေးအပ်ထားခြင်း မရှိပါဟု မြင်းခြံဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ထို့ပြင် အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသူနှင့် ရာဇဝတ်အကျဉ်းသူဟူ၍ ခွဲခြားဆက်ဆံခြင်းမရှိဘဲ အိပ်ဆောင်/အိပ်ခန်းများ၏ သန့်ရှင်းရေးလုပ်ငန်းများ၊ အိပ်ဆောင်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊ ပေ(၄၀ x ၂၀)အရွယ်ရှိ မုန်လာဥစိုက်ခင်းအား လိုအပ်သည့်အခါ ရေငုပ်မှ လာသည့်ရေကို ပိုက်ဖြင့်သွယ်ယူ၍ ရေဖျန်းခြင်းလုပ်ငန်းများကိုသာဆောင်ရွက်ရပြီး အလုပ်ကြမ်းများလည်း ခိုင်းစေခြင်း မရှိပေ။

အကျဉ်းထောင်တွင် ရေသန့်စက်ရုံရှိပြီး ရေသန့်အား RO စနစ်ဖြင့် ထုတ်လုပ်ကာ အကျဉ်းသားအကျဉ်းသူ အားလုံးကို ဖြန့်ဝေသောက်သုံးစေလျက်ရှိသည်။ အုတ်ရိုးအတွင်းရှိ လေးလက်မအဝီစိတွင်းနှစ်တွင်းမှ အကျဉ်းသား အကျဉ်းသူ အိပ်ဆောင်များသို့ ချိုးရေများ လုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် အမျိုးသမီးအိပ်ဆောင်ဝန်းကျင်တွင်လည်း နှစ်လက်မအဝီစိတွင်း နှစ်တွင်း ထပ်မံတူးဖော်၍ ချိုးရေများ လုံလောက်စွာဖြန့်ဝေပေးလျက်ရှိသည်။

ရေသိုလှောင်ကန်များနှင့် ရေတွင်းများ၏ အခြေအနေနှင့် လက်ရှိအကျဉ်းသား အကျဉ်းသူဦးရေအရ တစ်ဦးလျှင် တစ်ကြိမ်၌ ပျမ်းမျှရေဂါလန် ၄၀ အသုံးပြုနိုင်ပြီး နေ့စဉ် နံနက်/ည နှစ်ကြိမ် ရေချိုးခွင့်ပြုပေးလျက်ရှိသည်။ လက်ရှိအချိန်အထိ အကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများတွင် ပွေး/ဝဲ/ယားနာများမရှိပါဟုလည်း မြင်းခြံဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူက ရှင်းလင်းထားသည်။

အကျဉ်းထောင်အတွင်း ဈေးဘားအနေဖြင့် အကျဉ်းသား အကျဉ်းသူများ အပ်နှံထားသည့် ငွေစာရင်းမှ တစ်လလျှင် နှစ်ကြိမ် ၎င်းတို့မှာယူလိုသည့်ပစ္စည်းများကို ပင်ရင်းဆိုင်များ၌ ဝယ်ယူပြီး သယ်ယူစရိတ် ခုနှိမ်ကာ ပြင်ပဈေးနှုန်းထက် မကြီးစေဘဲ ဝယ်ယူပေးလျက်ရှိသည့်အပြင် အသားဟင်းအား တစ်ပတ်လျှင် လေးကြိမ်နှုန်းနှင့် ကျန်ရက်များ၌ အကျဉ်းထောင်၏ တောင်ယာမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များ၊ ပြင်ပမှဝယ်ယူရရှိသည့် ရာသီသီးနှံများအား ရောနှော၍ ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးလျက်ရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page တွင် ဖော်ပြမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ထောင်ခြင်း (၂၅)နှစ်ပြည့် (ငွေရတု) အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ယင်းတက္ကသိုလ်ရှိ ခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။

သွေးလှူဒါန်းပွဲသို့ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကျောင်းသားကျောင်းသူ ၁၀၀ တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းခဲ့ကြသော ကျောင်းသားကျောင်းသူများအား အာဟာရပစ္စည်းများနှင့် အမှတ်တရပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

**ဘော်ဂါသွေး**



**❒ နေပြည်တော်မှ**

ဖေဖော်ဝါရီလ သို့မဟုတ် မတ်လအတွင်း ထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

နေပြည်တော်တွင် တည်ဆောက်နေသည့် ဖွဲ့နုဆီကြမ်းနှင့် ဆီချောပါဝင်သည့် စက်ရုံမှ တစ်နှစ်လျှင် ဆီကြမ်းတန်ချိန် ၉၀၀၀ နှင့် ဆီချောတန်ချိန် ၆၃၀၀ စုစုပေါင်းတန်ချိန် ၁၅၃၀၀ ခန့်ကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။

**ထပ်မံတည်ဆောက်သွားမည်**

ဆန်စပါးအသင်းချုပ်က အဆိုပါစက်ရုံမျိုးကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထပ်မံတည်ဆောက်သွားမည်ဖြစ်ပြီး ထွက်ရှိလာသော ဖွဲ့နုဆီများကို ပြည်တွင်းတွင်ရောင်းချခြင်းသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံမျိုးကို ဆက်တိုက်ဆောက်သွားရန်ရည်မှန်းထားခြင်းဖြစ်ကာ ထွက်ရှိလာသောဆီများကို ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဥရောပနိုင်ငံတို့သို့တင်ပို့ရန် ရှိနေခြင်းဖြစ်သည်။

**ထက်ဦးမောင်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သာယာဝတီမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပဲခူး ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာယာဝတီမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ဝွေးချောင်းကျေးရွာအုပ်စုရှိ တစ်ကွင်းတစ်ဆက်တည်း အထွက်နှုန်းကောင်း နွေစပါး ဧက ၁၅၀ စုပေါင်းဓာတ်မြေသြဇာကြဲပက်နေမှုနှင့် တမန်းနှိုးခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး သတ်မှတ်စိုက်နည်းစနစ်များအတိုင်း အချိန်မှန်ဆောင်ရွက်ပါက ပန်းတိုင်အထွက်နှုန်း ကျော်လွန်နိုင်မည်ဖြစ်၍ ကျေးရွာများအလိုက် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာရှိ ဦးရဲလင်းစိုး၏ "ပြည်ကျော်"တန် ၈၀ ကျဆန်စက်၌ ပဲခူးတိုင်းဒေသကြီး၏ စက်မှုထုတ်ကုန်တစ်ခုဖြစ်သော Gasifier စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ဖြင့် ဆန်စက်လည်ပတ်နေမှုနှင့် စပါးအခြောက်ခံစက် လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စပါးခွံများအား ထင်းအစားထိုး လောင်စာတောင့်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ရန်နှင့် လောင်ကျွမ်းပြီးဖွဲများအား သဘာဝမြေသြဇာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်ပိုင်းကျေးရွာအုပ်စုရှိ ဦးခင်မောင်လွင်၏ အစေ့ထုတ်ပြောင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအတွက် အလွန်အကျိုးရှိသည့် စိုက်ပျိုးသီးနှံတစ်ခုဖြစ်၍ အခြေခံမျိုးရွေးချယ်ခြင်း၊ စတင်စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းချိန်အထိ စိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ကွင်းဆင်းအသိပညာပေးခြင်းအပြင် ဒေသတွင်း မျိုးစေ့ထုတ်လုပ်ခြင်း၊ စံပြစိုက်ခင်းများ ထူထောင်ခြင်းတို့ကို ဆောင်ရွက်သွားရန်၊ တစ်ဧကတွင် အပင်ရေ ၂၃၀၀၀ မှ ၂၅၀၀၀ အထိ ပင်ကြား၊ တန်းကြား မှန်ကန်စွာစိုက်ပျိုးနိုင်ပါက အစေ့ထုတ်ပြောင်း ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရောက်ရှိနိုင်မည်ဖြစ်၍ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးနိုင်ရေး စည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

သာယာဝတီခရိုင်အတွင်း ယခင်နှစ်က အစေ့ထုတ်ပြောင်း ၈၉၉၁ ဧကသာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စိုက်ပျိုးရေးရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် သီးထပ်စွမ်းအား တိုးတက်လာပြီး အစေ့ထုတ်ပြောင်း ၃၉၁၂၄ ဧကတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ အမှုထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

မော်လမြိုင် ဖေဖော်ဝါရီ ၁၉

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ အမှုထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးရုံး ခန်းမ၌ ကျင်းပသည်။



**ကြိုးစားသင်ယူ**

အခမ်းအနားတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ဝန်ထမ်းများ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်မြှင့်တင်ရေးနှင့် အရည်အသွေး တိုးတက်လာစေရေး၊ စနစ်တကျလေ့ကျင့်ဆောင်ရွက်ရန် မှာကြားလမ်းညွှန်ချက်အပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ လုပ်ငန်းခွင်အတွင်းမှ အမှုထမ်းများအား လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်မှုမရှိစေဘဲ ထုတ်နုတ်အင်အားရွေးထုတ်ပြီး ယခုကဲ့သို့ အမှုထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးလိုက်သည့် အသိအမြင်ဗဟုသုတများအပေါ်အခြေခံပြီး မိမိဌာနလုပ်ငန်းများကို ပိုမိုမှန်ကန်မြန်ဆန်လာအောင် ဌာန၏ မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ကြစေရေး ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာနက အသုံးပြုနေသော ဥပဒေများအကြောင်း၊ ငါးလုပ်ငန်းကြီးကြပ်ရေးနှင့် အခွန်ဌာနခွဲ လုပ်ငန်းများအကြောင်း၊ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများမွေးမြူရေးအကြောင်း၊ မျိုးသုဉ်းရှားပါးရေသတ္တဝါ ထိန်းသိမ်းရေးအကြောင်း၊ စီမံရေးရာနှင့် ဘဏ္ဍာရေးရာလုပ်ငန်းများ၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်၊ ရေချို/ရေငန် ငါးသယံဇာတ ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ငွေစာရင်းဆိုင်ရာသိကောင်းစရာများ စသည့် ဘာသာရပ်များကို သင်တန်းသားသင်တန်းသူ ၂၀ ဖြင့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၇၅ | ၂၉၂၅ | ၂၉၂၅ | ၂၈၈၅ | ၂၉၂၅ | ၂၉၄၅ | ၂၉၃၀ | ၂၉၁၀ | ၃၀၁၀ | ၃၀၂၅ | ၂၉၁၅ | ၂၉၃၅ | ၂၉၆၀ | ၂၉၆၀ | ၂၉၆၅ | ၃၁၉၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၅ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၄၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၁၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၃၀ | ၂၇၃၀ | ၂၉၆၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၅၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၁၀ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၄၆ | ၂၈၃၅ |
| HSD (500 ppm) | ၂၄၇၄ | ၂၅၅၃ |
| HSD (50 ppm) | ၂၅၁၉ | ၂၅၉၉ |
| HSD (10 ppm) | ၂၅၃၂ | ၂၆၁၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



**❖ မြန်မာနိုင်ငံမှ**

ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်း၊ ဦးအောင်ကိုဇော်နှင့် ရန်ကုန်ဂေါက်ကွင်း အလုပ်အမှုဆောင် ဦးအောင်ဌေးလှိုင်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း စတင်ယှဉ်ပြိုင်ကစားသည်။

ယခုပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (အမျိုးသား) ၁၄၇ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ၂၄ ဦး၊ ဝါသနာရှင်အဆင့် သက်ကြီးတန်း (အသက် ၅၅ နှစ်နှင့်အထက်) ၂၆ ဦး စုစုပေါင်း အားကစားသမား ၁၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MGF

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ပြည်ခရိုင်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင် စုစုပေါင်း ၉၇ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်း ဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန်အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော် လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက် ဖူးမြော်ခဲ့ကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုလို ကြားသိခဲ့ရပါတယ်-

၁။ ကျွန်တော့် နာမည်က ဦးသန်းစိုးပါ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် နိုင်ငံ့အငြိမ်းစားများ ဘုရားဖူးအဖွဲ့မှ ပါရှိတဲ့သူဖြစ်ပါ



တယ်။ ဒီကနေ့ ကျွန်တော်တို့ဟာ ရှင်းလင်းဆောင်ကနေ နေပြည်တော် မာရဝိဇယရုပ်ပွားတော်ကြီးရဲ့ရှေ့မှာ ဖူးမြော်နေတာ ဖြစ်ပါတယ်။ အဲဒီလို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ကျွန်တော်တို့ရဲ့ ရင်ထဲခံစားမှုကတော့ ဝမ်းသာကြည်နူးမှုဖြစ်ပါတယ်။ စိတ်ချမ်းမြေ့သာယာပါတယ်။ သာသနာအဓွန့်ရှည်ရေးအတွက် စိတ်ထဲမှာ အေးသွားပါတယ်။ သာသနာအတွက် ခိုင်မာအောင်၊ တည်မြဲအောင် နိုင်ငံ့ခေါင်းဆောင်တွေက အခုလို ဆောင်ရွက်ထားတဲ့အတွက် အခုလို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးအား ကျွန်တော်တို့လို ကျန်တဲ့အငြိမ်းစားများ၊ လုပ်သားပြည်သူများ ကြီးငယ်မရွေးလာရောက်ဖူးမြော်စေလိုတဲ့အကြောင်း ဒီနေရာကနေ ကျွန်တော် ဖိတ်ခေါ်ပြောကြားလိုပါတယ်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ အကြောင်းတွေကို ကျွန်တော်တို့ကို သေချာ ဂဃနဏ



ရှင်းပြလိုက်တဲ့အခါမှာ ဘုရားကြီးကို ကြည်ညိုသဒ္ဓါစိတ်အရမ်းကို ပွားများရပါတယ်။ ဒါ့အပြင် ဒီဘုရားကြီးမှာ ထုဆစ်ထားတာတွေရယ်၊ ဒီဘုရားကြီး အဆင့်ဆင့်ပြုလုပ်ပုံတွေဟာဆိုရင် တကယ်တမ်း လေ့လာကြည့်တဲ့အခါမှာ တော်တော်ကို ထူးထူးခြားခြားလေးစိတ်ဝင်စားစရာကောင်းတယ်ဆိုတာလည်း ဒီမှာပိုပြီးတော့သိလာရပါတယ်။ ဘုရားကို ရောက်တဲ့အခါမှာလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ လေ့လာတဲ့အခါမှာလည်း ကျောက်စာတွေဟာဆိုရင် ရှေးခေတ် ကျောက်စာတွေကို ဖော်ဆောင်ထားတယ်ဆိုတာကို လေ့လာခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီဘုရားကို လာရောက်ပြီးတော့ ပို့ဆောင်ပေးတဲ့ ကျွန်တော်တို့ရဲ့ ပြည်ခရိုင်မှာရှိကြတဲ့ ဝန်ထမ်းအကြီးအကဲတွေရော ဧည့်ခန်းဆောင်မှာ သေချာစေတနာရှေ့ထားပြီးတော့ ကျွန်တော်တို့ကို ရှင်းလင်းပြသပေးတဲ့ ပုဂ္ဂိုလ်များရော အခုလိုပေါ့နော် ဘုရားမှာ လာရောက်ပြီးတော့ တွေ့ဆုံမေးမြန်းပေးတဲ့သူတွေကိုလည်း ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။

၃။ ကျွန်မကတော့ ပြည်မြို့ကနေ လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်ရှင့်။ ကျွန်မ ဒီဘုရားကြီးကို အနေကဇာတင်ကတည်းက TV မှာမြင်လိုက်ကတည်းက ဖူးမြော်ချင်နေတာပါရှင့်။ ဒီနေ့



အထမြောက် သွားတဲ့အတွက်ကြောင့် ကျွန်မ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘုရားကြီးကို တည်ထားပေးတဲ့ ဘုရားဒါယကာနဲ့ တာဝန်ရှိသူတွေ အားလုံးက ဂေါပက လူကြီးတွေကပါ ထိန်းသိမ်း စောင့်ရှောက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ရပါတယ်။ ဒီဘုရားကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက်ကြောင့် အရမ်းကို ပီတိဖြစ်ရပါတယ်။ ပြီးရင်ဒီဘုရားကြီးကဆိုရင် ကမ္ဘာမှာအကြီးဆုံး ထိုင်တော်မူ ဘုရားဖြစ်တယ်ဆိုတာကို ဂေါပကလူကြီးတွေ ရှင်းပြလိုက်တဲ့ အတွက်ကြောင့် ကျွန်မသိရပါတယ်ရှင့်။ အဲဒီအတွက်လည်း ကျွန်မဒီဘုရားကြီးကို ဖူးမြင်ရတဲ့အခါမှာလည်း ကျွန်မ အလွန်ပီတိဖြစ် ဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ **သတင်းစဉ်**

## ဟုတ်ကြံမြဲသိ လှုပါဘိ၏

✤ တောတောင်ရစ်ဝိုင်း၊ ချင်းတို့တိုင်းကား
နှိုင်းယှဉ်မရ၊ တိမ်စုံလှပြင်
သဘာဝဆန်၊ ဝန်းကျင်ခံကြောင့်
မှန်ပင်ကြည်နူး၊ ပြည့်မြေထူးဟု
ဆူးမြားစိုက်ဝင်၊ ပမာပင်သို့
ရင်ထဲနှစ်ခြိုက်တန်ဖိုးထိုက်၏။
✤ လျှင်မြန်စည်းလုံး၊ ကျန်းမာသုံး၍
ပြုံးပျော်ကန္တဲ၊ "ဝါးညှပ်" ပွဲကား
ဆွဲမက်ဆိုတေး၊ ရိုးရာယဉ်ကျေး
အေးချမ်းသာယာ၊ ချင်းတို့ရွာ၏
ခါစဉ်ထွေးပွေ့၊ အပျော်ငွေ့မို့
တွေ့ကြည့်မြင်စမ်း ရင်ငြိမ်းချမ်း၏။
✤ "ကြံ့ဘိ" "ဆွန်ပက်" ၊ တို့ရဲမက်လည်း
သက်ကိုမမှု၊ ရဲဝံ့ပြု၍
ထုထည်ခိုင်မာ၊ မိမြေလွှာကို
ကာကွယ်စောင့်ရှောက် ၊ စွမ်းဂုဏ်မောက်ကာ
တောက်ကြည်ပြည့်ခဲ၊ သတ္တိဖွဲ့ဖြင့်
သည်းစံပီထိန်သမိုင်းရှိန်၏။
✤ အောက်ချင်းငှက်ပျံ၊ "ရိဒ်" ရေကန်နှင့်
မှန်ပင်သာခေါင်၊ "နတ်မ"တောင်တို့
ဆောင်ယူထားပေ၊ တို့ချင်းမြေသည်
ရေရှည်တိုးတက်၊ ကောင်းခြင်းဖက်၍
လက်တွဲမဖြုတ်၊ သစ္စာဆုပ်ကာ
ဟုတ်ကြံမြဲသိ လှုပါဘိ၏။ ။

ညိုဝင်း(ချစ်မြေ)

(ချင်းပြည်နယ်နေ့ကို ဂုဏ်ပြုလျက်)


❂ ကျောဖုံးမှ

သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

သယောကြီးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဓိကဒီရေတော သစ်မျိုးများဖြစ်သောဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ ကနစို၊ မဓမ၊ ပင်လယ်အုန်း စသည့် အဖိုးတန်သစ်မျိုးများနှင့် လမု၊ ကန့်ပလာစသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဖျိုင်း၊ ကြက်တူရွေး၊ သိန်း၊ ပန်းဇင်ငှက်နှင့် တင်ကျီးငှက်စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ပုစွန်များစသည့် ရေနေသတ္တဝါများ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဖေဖော်ဝါရီ ၁၉

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်နှင့် ဆီအုန်းတို့ဖြစ်သည်။

ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ငါးပုလွေ ၂၁၅ ဒသမ ၅၅ တန်၊ ငါးနီငယ် ၈၅ ဒသမ ၇၁၀ တန်၊ ဘေးဝါ ၇၆ ဒသမ ၄၀၀ တန်၊ ကြိမ်မွေ့ဒေါင်း ၂၀ ဒသမ ၁၆၀ တန်၊ တာတို ၆၃ ဒသမ ၃၆၀ တန်၊ ကင်းမွန် ၉၁ ဒသမ ၈၆၀ တန်၊ ငါးဝိုင်း ရှစ်တန်၊ ဆင်နင်း ၂၈ ဒသမ ၄၈၀ တန်နှင့် ပါကင် ၈၅၉ ဒသမ ၆၃၀ တန်တို့ဖြစ်ပါသည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ကြွေပြား ၂၈၁၉၁ ဒသမ ၅၈၂ စတုရန်းမီတာ၊ ဖိနပ် အရန် ၂၅၅၆၀၀၊ ကွန်ပျူတာဆက်စပ်ပစ္စည်း အခု ၄၀၊ သံပိုက် အလုံ ၁၄၀၀၊ လူသုံးကုန်ပစ္စည်း ၉၃ ဒသမ ၇၄၆ တန်၊ အိမ်ဆောက်ပစ္စည်း ၁၅၇၄ တန်၊ ဘိုထိုင်အိမ်သာ အခု ၃၂၄၀၊ စားသောက်ကုန်ပစ္စည်း ၄၄ ဒသမ ၉၆၄ တန် တို့ဖြစ်ကြောင်း သိရသည်။

## ကံမမြို့နယ် ပဲတီစိမ်းနှင့်မတ်ပဲ ဈေးနှုန်းဈေးကွက် အခြေအနေ

မကွေး ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းပဲတီစိမ်းသီးနှံ ၃၉၅၉ ဧက စိုက်ပျိုးထားရှိပြီး ဇန်နဝါရီ ၃၁ ရက်အထိ ရိတ်သိမ်းဧက ၄၈၆ ဧက၊ အထွက်နှုန်း ၁၂ ဒသမ ၂၃ တင်းဖြင့် ၅၉၄၄ တင်း ထွက်ရှိကြောင်း၊ ဆောင်းမတ်ပဲသီးနှံ ၂၂၅၃၇ ဧက စိုက်ပျိုးထားရှိပြီး ဇန်နဝါရီ ၃၁ ရက်အထိ ရိတ်သိမ်းပြီးဧက ၁၀၁၅၇ ဧက၊ အထွက်နှုန်း ၁၄ ဒသမ ၈၉ တင်းဖြင့် ၁၅၁၂၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

ကံမမြို့နယ် မြောက်ချောင်းဘက်ရှိ ရေနံ့သာ၊ ဆုံကုန်း၊ ခြောက်ပင်၊ သံပရာ၊ ကျောက်ပတောင်း၊ ကျောက်ဆောင်း၊ ကျီးမီး၊ ရွာသာယာစသည့်ကျေးရွာများမှ ထွက်ရှိသည့်သီးနှံများအနက် ပဲတီစိမ်းမှာ ဖေဖော်ဝါရီ ပထမပတ်တွင် ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၃၅၀၀-၁၀၅၀၀၀ ဖြင့် သီးနှံအရည်အသွေးပေါ်မူတည်၍ တစ်နေ့လျှင် အိတ်ရေ ၂၀ မှ ၃၀ ဝန်းကျင်ခန့် ဝင်ရောက်ပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ဆောင်းမတ်ပဲသီးနှံများမှာလည်း ဖေဖော်ဝါရီ ပထမပတ်တွင် ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၇၅၀၀ - ၁၆၅၀၀၀ ဖြင့် တစ်နေ့လျှင် အိတ်ရေ ၁၀၀ မှ ၁၃၀ ဝန်းကျင်ခန့် ဝင်ရောက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ နေ့စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

## အထက်မင်းလှမြို့နယ်၌ စပျစ်သီးများ ဈေးကောင်းရ

မင်းလှ ဖေဖော်ဝါရီ ၁၉



မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ပေါ်ရှိအမှတ် ၁၀ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ရွာတော်၊ ပန်းတော်ပြင်၊ မယ်ဇလီတော ကျေးရွာတို့တွင် စပျစ်သီးကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ မင်းလှမြို့နယ်အတွင်း စပျစ်ခြံ ရှစ်ခြံရှိပြီး မျိုးအနေဖြင့် အဝိုင်းမျိုးနှင့် အချွန်မျိုး နှစ်မျိုးကိုသာ စိုက်ပျိုးထားကြောင်း၊ ယခင်နှစ်က စပျစ်ပိဿာချိန် ၈၀၀ မှ ၁၀၀၀ အထိ ထွက်ရှိသော်လည်း ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်သည့်အပြင် မိုးဟုခေါ်သော ပိုးကျသည့်အတွက် အထွက်နှုန်း လျော့ကျနိုင်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း စပျစ်ပင်စတင်စိုက်ပျိုးချိန်မှစ၍ တစ်ပတ်တစ်ခါ ရေပုံမှန်သွင်းပေးရကြောင်း၊ ယခုနှစ်တွင် စပျစ်တစ်ဧက ကုန်ကျစရိတ်အနေဖြင့် လုပ်အားခ၊ ဓာတ်မြေဩဇာ၊ ရေသွင်းခအပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် ၂၀၀၀၀၀၀ ကျော်ကုန်ကျကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စပျစ်ပင်များကို ကိုင်းဖြတ်စနစ်ဖြင့် စင်တင်စိုက်ပျိုးထားပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် စတင်ထွက်ရှိကာ တစ်ပိဿာလျှင် လက်လီဈေး ငွေကျပ် ၁၅၀၀၀၊ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ဖြင့်ရောင်းချကြောင်း၊ အထွက်နှုန်းအနေဖြင့် လျော့ကျနိုင်သော်လည်း အဖွင့်ဈေးအနေဖြင့် ဈေးကောင်းရရှိသည့်အတွက် ကုန်ကျစရိတ် ပြန်လည်ကာမိပြီး သင့်တင့်သော အကျိုးအမြတ်ရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ဈေးကွက်အနေဖြင့် သစ်သီးဝလံ အရောင်းအဝယ်ဆိုင်များနှင့် အထက်မင်းလှမြို့ ဖေယျာသီရိဈေးသို့ တင်သွင်းရောင်းချကြောင်း စပျစ်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် ဖေဖော်ဝါရီ ၁၉

ကံပိုင်တည် ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၈ သန်းနှင့် သွင်းကုန် ဒေါ်လာ ၂ ဒသမ ၅ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၂၀ ဒသမ ၅၀၀ သန်း ဖြစ်သည်။ ဖေဖော်ဝါရီ ၁၇ ရက်အထိ အမှန် ကုန်သွယ်မှုမှာ ပို့ကုန် ဒေါ်လာ ၁၅ ဒသမ ၄၅၁ သန်း၊ သွင်းကုန် ဒေါ်လာ ၁ ဒသမ ၅၉၆ သန်း စုစုပေါင်း ဒေါ်လာ ၁၇ ဒသမ ၀၄၇ သန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၈၃ ဒသမ ၁၅၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက်အတွင်း ပို့ကုန်အမယ်များအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ဖရဲသီး၊ ရွှေဖရုံသီး၊ Iron Concentrate၊ မကျည်းသီး(အစေ့ပါ)၊ ဆီးသီးခြောက်၊ ငရုတ်သီးနှင့် ကြက်သွန်နီတို့ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အမယ်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်အဝတ်အထည်များနှင့် သစ်သီးများ တင်သွင်းနိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော ၁၅၀၂၅ တန်၊ ဆန် ၃၄၈ တန်၊ ကြက်သွန်နီ ၁၇၈၇ တန်၊ ငရုတ်သီး ၃၇၄ တန်၊ Iron Concentrate ၅၆ တန်၊ ဆီးသီးခြောက် ၃၄ တန်၊ မန်းကျည်းသီး(အစေ့ပါ) ၃၄ တန်နှင့် ရွှေဖရုံသီး ၁၁၄၅ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံး သွင်းကုန်ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe၊ သံပိုက်၊ မြက်ခင်းတု၊ လိမ္မော်သီးနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၄၆ ဒသမ ၅၀ တန်၊ လုပ်ငန်းသုံးပစ္စည်း ၆၅ တန်နှင့် လူသုံးပစ္စည်း ၁၂၁ ဒသမ ၅ တန်တို့ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

## တောင်တွင်းကြီးမြို့နယ်ရှိ ဝါစိုက်တောင်သူများ ဈေးကောင်းရရှိပြီး အဆင်ပြေ

မကွေး ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဝါစိုက်ဧက ၇၄၄၅ ဧက စိုက်ပျိုးထားရှိပြီး ဝါစိုက်တောင်သူများအနေဖြင့် အိန္ဒိယမျိုးဖြစ်သော ရာကာ ၆၆၆ ဝါမျိုးစေ့ကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခုနှစ်တွင် တစ်ဧကလျှင် ပိဿာ ၃၀၀ ထွက်ရှိကြောင်း၊ ဝါကောက်ချိန် ပထမအပတ်တွင် ဝါတစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀-၃၃၀၀၊ ဒုတိယပတ်တွင် ငွေကျပ် ၃၃၀၀-၃၄၀၀၊ တတိယပတ်တွင် ဝါဖွေးပြီးကောင်းလျှင် ငွေကျပ် ၃၆၀၀၊ ဝါမကောင်းလျှင် ငွေကျပ် ၃၀၀၀ ရရှိကြောင်း၊ ယခုနှစ်တွင် ဝါအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရရှိ၍ ဝါစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ်- စီးပွား/ကူးသန်း**

### ၁၉-၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၄၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၂၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၃၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၁၆၀၀၀ | ၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၁၄၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၃၃၀၀ | ၂၉၀၀ | ၁၈၀၀၀ | ၁၁၅၀၀ | ၈၂၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၂၀၀ | ၇၂၀၀ | ၃၆၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၅၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၅၃၅၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၃၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၅၅၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၉၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၂၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၁၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၉၆၅ | ၁၃၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၆၂၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၇၁၀၀ | ၃၇၀၀ | ၂၇၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၄၅၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၄၅၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၉-၂-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၂၁၈။ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒုတိယညွှန်ကြားရေးမှူး ၅၁ ဦး ကောင်းမှု | ၃၀၀၀၀၀၀ |
| ၈၂၁၉။ | ကရင်ပြည်နယ်၊ ဂေါပကအဖွဲ့များကောင်းမှု | ၁၁၀၀၀၀၀ |
| ၈၂၂၀။ | ကယားပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ကောင်းမှု | ၅၀၀၀၀၀ |
| ၈၂၂၁။ | ဒေါက်တာမျိုးကျော်နှင့်ဇနီး ဒေါ်ထူးထူးအေး မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၂၂၂။ | ၂၀၂၃ အကယ်ဒမီရွှေကြိုများကောင်းမှု | ၃၆၀၀၀၀ |
| ၈၂၂၃။ | ဦးသောင်းရွှေနှင့်ဇနီး ဒေါ်အေးမြမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၂၂၄။ | ကွယ်လွန်သူ ဦးတင်နှင့် ဒေါ်ရွှေမြင့်တို့အားရည်စူး၍ ဦးသိုးဆိုင်နှင့်ဇနီး ဒေါ်သင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၂၂၅။ | မန္တလေးတိုင်းဒေသကြီးမှ အငြိမ်းစားဝန်ထမ်းများ ကောင်းမှု | ၂၇၁၀၅၀ |
| ၈၂၂၆။ | ရဲမှူးထမ်းအငြိမ်းစားဝန်ထမ်းများကောင်းမှု | ၂၄၈၀၀၀ |
| ၈၂၂၇။ | ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ ကောင်းမှု | ၂၁၀၀၀၀ |
| ၈၂၂၈။ | ကွယ်လွန်သူ မိဘနှစ်ပါးနှင့် မစန်းစန်းထွေးတို့အား ရည်စူး၍ ဒေါ်အေးအေးသွယ်ကောင်းမှု | ၂၀၀၀၀၀ |
| ၈၂၂၉။ | ပန်းညိုကွင်းဆရာတော် ဦးအာသဘနှင့် တပည့်များ ကောင်းမှု | ၁၅၅၀၀၀ |
| ၈၂၃၀။ | မန်းရွှေစက်တော်ဘုရားကြီး ဂေါပကအဖွဲ့များကောင်းမှု | ၁၁၀၀၀၀ |
| ၈၂၃၁။ | ကွယ်လွန်သူ ဦးစိန်ဖေအားရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု | ၁၁၀၀၀၀ |
| ၈၂၃၂။ | ဒေါ်ယို့ကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၃၃။ | ကွယ်လွန်သူ ဗိုလ်ကြီးကျော်မိုးဟိန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၃၄။ | ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဆွေတို့အား ရည်စူး၍ ဒုတိယအရာခံဗိုလ်ညွှန့်လှိုင်(ငြိမ်း) မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၃၅။ | ကွယ်လွန်သူ ဒေါ်နန်းချစ်စိန်အားရည်စူး၍ ဦးအောင်မင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၃၆။ | ဒေါ်ခင်မေထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
